မြန်မာ သတင်းလွှာ

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၆၆ ၂၀၁၂ ခု ဇွန်လ

• မေလနှောင်းပိုင်း ထိုင်းနိုင်ငံခရီးစဉ်နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်သည် ပင်လယ်ရပ်ခြားခရီးစဉ်အဖြစ် ဆွစ်ဇာလန်၊ နော် ဝေ၊ အိုင်ယာလန်၊ အင်္ဂလန်နှင့် ပြင်သစ်တို့ကို အလည် အပတ်ခရီး ဆက်သွားခဲ့သည်။

• ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်အပေါ် "အပြုသဘောဖြင့်သတိထားချဉ်းကပ်" ကြရန် တောင်းဆိုခဲ့ပြီး တိုင်းပြည်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် လမ်းညွှန်ချက်များကို မိန့်ခွန်းအများအပြားမှာ အဆိုပြုတင်ပြခဲ့ သည်။

• ရခိုင်ပြည်နယ်မှာ ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား သေကြေမှုများ ဖြစ်ပေါ်ခဲ့သည့် လူမျိုးရေးဘာသာရေး ထိပ်တိုက် တွေ့မှုများဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် အရေးပေါ် အခြေ အနေ ကြေညာခဲ့သော်လည်း၊ အစိုးရအနေနှင့် အကြမ်းဖက်မှု များ ရပ်တန့်သွားအောင်မလုပ်ဆောင်နိုင်ခဲ့။

• အတည်မပြုနိုင်သေးသောသတင်းများက အစိုးရ လုံခြုံရေးတပ်ဖွဲ့ များအနေနှင့် ရိုဟင်ဂျာ (ရခိုင်ပြည်နယ်ရှိ လူနည်းစုမူဆလင်များ) အပေါ် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖေါက်မှုများ ကျူးလွန်ခဲ့ သည်ဟု ဖေါ်ပြခဲ့ကြသည်။

• အဆိုပါမငြိမ်မသက်မှုကြောင့် ပြည်သူလူထု ၉၀,၀၀၀ အိုးအိမ်ပစ် ခွာရှောင်တိမ်းခဲ့ရသည်။ အစိုးရက အကူအညီပေးမှုများ နှောင့် နှေးနေသည့်အပြင် ဘင်္ဂလားဒေ့ရှ်မှလည်း ရိုဟင်ဂျာ ဒုက္ခသည် ၂,၀၀၀ ကျော်ကို နယ်မြေမှ ပြန်လည်မောင်းထုတ်ခဲ့သည်။

• လွတ်လပ်သောသတင်းဌာနများအပေါ် ကန့်သတ်မှုများ ပိုမိုတင်း ကြပ်လာသော်လည်း အင်တာနက်စာမျက်နှာများတွင် မူဆလင် နှင့် ရိုဟင်ဂျာကို ဦးတည်သည့် မုန်းတီးမှုများ အကြမ်းဖက်ရန် လှုံ့ဆော်မှုများ အတားအဆီးမဲ့ ပြန့်နှံ့ခဲ့သည်။

• အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများက ရလဒ်တစုံတရာ မရရှိ ခဲ့သည့်အတွက် ကချင်ပြည်နယ်ရှိ ပဋိပက္ခများ ဒုတိယနှစ်အတွင်း ဝင်ရောက်လာပြီဖြစ်သည်။

• အသစ်ပြန်လည်ဖြစ်ပွားလာသည့်တိုက်ပွဲများက အစိုးရနှင့် ရှမ်း ပြည်တပ်မတော်-တောင်ပိုင်း၊ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း တို့အကြားရေးထိုးထားသည့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ပျက်ပြားရန် ခြိမ်းခြောက်လျှက်ရှိသည်။

• ကုလသမဂ္ဂက တပ်မတော်၏ ကလေးစစ်သားဆက်လက်စုဆောင်းအသုံးပြုနေမှုကို မှတ်တမ်းတင်နေသည်။ အမေရိကန်နိုင်ငံက မြန်မာပြည်၏

ဤစာစောင်တွင်

ပင်မသတင်း
၁ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်
၂ ထိုင်းနိုင်ငံ
၃ ဆွစ်ဇာလန်နိုင်ငံ
၄ နော်ဝေနိုင်ငံ
၄ အင်္ဂလန်နိုင်ငံ

မြန်မာပြည်တွင်းသတင်း
၅ ရခိုင်ပြည်နယ်မငြိမ်သက်မှု
၆ လူ ၉၀,၀၀၀ အထိ အိုးအိမ်စွန့်ခွာခဲ့ရ
၆ အကူအညီပေးမှုများနှောင့်နှေး
၇ ဒေါ်စုနှင့်မငြိမ်မသက်ဖြစ်မှု
၇ ကချင်ပြည်နယ်ပဋိပက္ခ
၈ ရှမ်းပြည်က တိုက်ပွဲများ
၈ အစိုးရနှင့် ကေအဲန်ယူ သဘောတူညီမှု
၈ မူးယစ်ဆေးဝါးထုတ်လုပ်မှုတိုးပွားလာ

လူ့အခွင့်အရေး
၉ မီဒီယာအပေါ်ကန့်သတ်မှုများ
၉ လူသစ်စုဆောင်းခံကလေးစစ်သားများ

အိုးအိမ်စွန့်ရမှု
၁၀ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ
၁၁ ထင်ရှားသော လူကုန်ကူးမှုပြဿနာများ
၁၁ ကုလသမဂ္ဂဒုက္ခသည်ရုံး၏ နှစ်ပတ်လည် အစီရင်ခံစာ

နိုင်ငံတကာ
၁၁ မြန်မာနိုင်ငံ မငြိမ်မသက်ဖြစ်မှုအပေါ် နိုင်ငံ တကာတုန့်ပြန်မှု
၁၂ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး မြန်မာ ပြည်သို့ ရောက်ရှိ
၁၂ မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများ နိုင်ငံ တကာအလုပ်သမားအဖွဲ့ချုပ်မှ လျှော့ပေါ့
၁၂ အမေရိကန် ဥပဒေပြုအမတ်များနှင့် စီးပွား ရေးပိတ်ဆို့မှုများ

စီးပွားရေး
၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် လက်ဝေခံများ
၁၃ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု များ

၁၃ အခြား မြန်မာပြည်သတင်းများ
၁၅ အစီရင်ခံစာများ

လူကုန်ကူးမှုပြဿနာများသည် သိသာထင်ရှားစွာပင် ဆက်လက်ရှိနေသည်ဟု ပြောသည်။

- ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆက်လက် ဆွဲဆောင်နေဆဲဖြစ်သည်။ ဗမာပြည်သို့ ဝင်လာသည့်ရင်းနှီးမြှုပ်နှံမှုအသစ်များမှာလည်း အစိုးရလက်ဝေခံများနှင့် ဆက်နွယ်နေသည်။

ပင်မသတင်း

ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ်များ

မေလကုန်ပိုင်း၌စတင်ပြီး ဖွန် ၃ ရက်နေ့၌အဆုံးသတ်သည့် ၆ ရက်တာထိုင်းခရီးစဉ်အပြီးတွင် ဒေါ်အောင်ဆန်းစုကြည်၏ ၂၄ နှစ်အတွင်း ဒုတိယအကျော့ပင်လယ်ရပ်ခြားခရီးစဉ်များကို ဖွန်လတွင် စတင်ခဲ့ပါသည်။ ဖွန် ၁၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က ဆွစ်ဇာလန်၊ နော်ဝေ နှင့် အိုင်ယာလန်တို့တွင် ဝင်နားခဲ့သည့် ၁၇ ရက်တာ ဥရောပခရီးစဉ်ကို စတင်ခဲ့သည်။ (ဒေါ်စုခရီးစဉ်ဇယားကိုကြည့်ပါ) သူမရောက်ရှိခဲ့သည့် ၆ နိုင်ငံလုံး၌ ပျော်ရွှင်တက်ကြွနေသည့် လူအုပ်ကြီးများက ကြိုဆိုဂုဏ်ပြုခဲ့သည်။ အစိုးရခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် မနားတမ်းတွေ့ဆုံဆွေးနွေးမှုများအပြင် ဒေါ်စုက ဘန်ကောက်၊ ဂျနီဗာ၊ အော်စလိုနှင့် လန်ဒန်တို့တွင် အရေးပါသော မိန့်ခွန်းများ ပြောကြားခဲ့သည်။

ဒေါ်စုခရီးစဉ်များ

ထိုင်းနိုင်ငံ

၁။ ဘန်ကောက်မြို့ အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်တွင် စကားပြော
၂။ တာ့က်ခရိုင်ရှိ မယ်လဒုက္ခသည်စခန်းသို့သွားရောက်လည်ပတ်ခဲ့

ဆွစ်ဇာလန်

၁၃။ ဂျနီဗာသို့ရောက်ရှိ
၁၄။ ဂျနီဗာတွင်ကျင်းပနေသော နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်၏ ၁၀၁ အကြိမ်မြောက်ညီလာခံတွင် မိန့်ခွန်းပြော။ ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီး ဒစ်ဒီယာ ဘာခယ်လ်တာနှင့် ဗန်းမြို့တွင်တွေ့ဆုံ
၁၅။ ဆွစ်ဇာလန် ပါလီမန်အစည်းအဝေးကိုတက်ရောက်ခဲ့

နော်ဝေ

၁၅။ အော်စလိုတွင် နော်ဝေဝန်ကြီးချုပ် ဂျန်းစတော်လ်တန်ဘာ့ဂ်နှင့်တွေ့ဆုံခဲ့
၁၆။ အော်စလိုတွင် သူမ၏နိုဗယ်လ်ဆု မိန့်ခွန်းကို ပြောခဲ့
၁၇။ ဘာဂျင်တွင် ရာဖ်တို လူ့အခွင့်အရေးဖေါင်ဒေးရှင်းအဖွဲ့မှပေးအပ်သော ရာဖ်တိုဆုကိုလက်ခံခဲ့
၁၈။ အော်စလို ငြိမ်းချမ်းရေးဖိုရမ်တခုတွင် စကားပြောကြား

အိုင်ယာလန်

၁၈။ ဒပ်ဗလင်တွင် အိုင်းရစ်သမတ မိုက်ကယ်လ်ဟစ်ဂင်နှင့် တွေ့ဆုံခဲ့။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှပေးအပ်သော ယုံကြည်ချက်သံအမတ်ကြီးဆုကိုလက်ခံရယူ။ ထရီနီတီကောလိပ်မှပေးအပ်သော ဂုဏ်ထူးဆောင်ဘွဲ့တခုလက်ခံရယူပြီး၊ မြို့တော်လွတ်လပ်ရေးဆုကိုပါလက်ခံခဲ့သည်။

အင်္ဂလန်

၁၉။ လန်ဒန်ဘောဂဗေဒကျောင်း၌ ပြုလုပ်သော တရားဥပဒေစိုးမိုးရေးအကြောင်း ဝိုင်းဖွဲ့ဆွေးနွေးပွဲတခုတွင်ပါဝင်ခဲ့။ ဘီဘီစီကမ္ဘာတလွှားအသံလွှင့်ဌာနသို့ သွားရောက်လည်ပတ်ခဲ့။ ထို့ပြင် ဒလိုင်းလားမားဘုန်းတော်ကြီးနှင့် တွေ့ဆုံခဲ့။ အောက်စဖို့တက္ကသိုလ်တွင် သူမ၏ ၆၇ နှစ်မြောက်မွေးနေ့ပွဲ ကျင်းပခဲ့။
၂၀။ အောက်စဖို့တက္ကသိုလ်မှပေးအပ်သော ဂုဏ်ထူးဆောင်ဘွဲ့တခုကို လက်ခံရယူခဲ့။
၂၁။ လန်ဒန်တွင် အင်္ဂလန်နိုင်ငံခြားရေးအတွင်းဝန် ဂီလီယံဟိဂ် နှင့် နိုင်ငံခြားနှင့်ဓနသဟာယရုံးတွင်တွေ့ဆုံခဲ့။ အင်္ဂလန် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်နှင့် ဒေါင်းနင်းလမ်း အမှတ် ၁၀ တွင် တွေ့ဆုံခဲ့ကာ ဂက်မင်စတာခမ်းမတွင် ဗြိတိသျှလွှတ်တော် နှစ်ရပ်လုံးကို မိန့်ခွန်းပြောကြားခဲ့။
၂၆။ ဗြိတိသျှ လေဘာပါတီ၏ ဌာနချုပ်သစ်ဖွင့်ပွဲကို တက်ရောက်ခဲ့။ လန်ဒန်တွင် ဒုဝန်ကြီးချုပ် နစ်ကလက်နှင့်တွေ့ဆုံခဲ့။

ပြင်သစ်

၂၆။ ပြင်သစ်သမတ ဖရောန်စွာဟော်လန်းအား ပါရီရှိ အယ်လစ်ဆီနန်းတော်တွင်တွေ့ဆုံခဲ့။

၂၇။ ပါရီတွင် သူမအတွက် ဂုဏ်ထူးဆောင် ပါရီနိုင်ငံသားဆုကို လက်ခံခဲ့။ လူ့အခွင့်အရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးကာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရန့်ဖေးဘီးယပ် Laurent Fabius နှင့်လည်းတွေ့ဆုံခဲ့။
၂၈။ ပြင်သစ်သမတဟောင်း နီကိုလပ်ဆာကိုဇီနှင့်တွေ့ဆုံခဲ့။ ပြင်သစ်ပါလီမန်နှစ်ရပ်လုံးသို့ သွားရောက်လည်ပတ်ခဲ့ပြီး၊ ဆော်ဗွန်း တက္ကသိုလ်ကျောင်းသားများနှင့် စကားပြောခဲ့။

ဘန်ကောက်- အပြုသဘောဖြင့်သတိကြီးစွာသုံးသပ်ပါ၊ အလျင်စလိုအကောင်းမမြင်ပါနဲ့

ဇွန်တရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က ဘန်ကောက်မြို့၌ကျင်းပသော အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် မိန့်ခွန်းပြောကြားရာ ဗမာပြည်ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များအပေါ် 'အပြုသဘောဖြင့်သတိထားချဉ်းကပ်ရန်' တောင်းဆိုလိုက်ပြီး၊ 'အလျင်စလို အကောင်းမမြင်ကြပါရန်'လည်း သတိပေးပြောကြားလိုက်သည်။ သူမ၏မိန့်ခွန်းနှင့် နောက်ဆက်တွဲသတင်းစာရှင်းလင်းပွဲများတွင် သူမအနေဖြင့် ဗမာပြည်ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ထုတ်ဖော်ပြော ကြားခဲ့ပြီး၊ တိုင်းပြည်၏မရှိမဖြစ်အလိုအပ်ဆုံးလိုအပ်ချက်များကို အောက်ပါအတိုင်း စာရင်းပြုပြောကြားခဲ့သည်။

- တရားရေးကဏ္ဍ အမြန်ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းမွန်သောတရား ဥပဒေများ အဆင်သင့်ရှိနေသော်လည်း ထိုဥပဒေများကို တရားမျှတစွာကျင့်သုံးနိုင်မည့် လွတ်လပ်သော တရား စီရင်ရေးကဏ္ဍ တိုင်းပြည်တွင် ကင်းမဲ့နေသောကြောင့်ဖြစ်သည်။
- နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများအနေဖြင့် ရှိရင်းစွဲအကျင့်ပျက်ခြစားမှုများကို အားဖြည့်ပေးသလိုမျိုး သို့မဟုတ် နိုင်ငံ တွင်းမညီမျှမှုများကို ပိုမိုကြီးမားစေခြင်းမျိုးမဖြစ်သင့်။
- တိုင်းရင်းသားဒေသများရှိ အကြီးစားစီမံကိန်းများတွင် ပွင့်လင်းမြင်သာမှုကင်းလျက်ရှိပြီး အမျိုးသားပြန်လည်ရင် ကြားစေ့ရေးကို ထိခိုက်စေသည်။
- ရင်းနှီးမြှုပ်နှံမှုများက အလုပ်အကိုင်အခွင့်အလန်းများ ဖန်တီးပေးသင့်ပြီး၊ အချိန်ကိုက်ဗုံးတလုံးလိုဖြစ်လာနေ သည့် လူငယ်များအကြားအလုပ်လက်မဲ့ပိုမိုများလာမှု လျော့ကျစေရေးကို ဦးတည်သင့်သည်။
- ဗမာပြည်အနေနှင့် ပြုပြင်ပြောင်းလဲမှုများ ရေရှည်တည်တန့်ခိုင်မြဲစေမည့် လုံလောက်သော ပညာတတ်ဦးရေ မွေးထုတ်ပေးရန် နှင့် အလယ်ဆင့်ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်နေသည်။
- စဉ်ဆက်မပြတ်ပြောင်းလဲမှုများဖြစ်ပေါ်ရေးမှာ စစ်တပ်အနေဖြင့် ထိုပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အပေါ် မည်သို့ လက် ခံထားသည်ဆိုသည့်အချက်အပေါ် မူတည်လိမ့်မည်။
- ဖွံ့ဖြိုးရေးအကူအညီများကို ပွင့်လင်းမြင်သာမှုရှိစွာ ခွဲဝေသုံးစွဲသင့်သည်။ သို့မှသာ ပြည်သူလူထုကို အကျိုးရှိစေ လိမ့်မည်။
- ဗမာပြည်အနေဖြင့် ပင်လယ်ရပ်ခြား ရွှေ့ပြောင်းလုပ်သားများ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် "စီးပွားရေးလုံခြုံ မှုနှင့် နိုင်ငံရေးအေးချမ်းတည်ငြိမ်မှု" ဖန်တီးရမည်။

ဇွန်လ ၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ တာ့က်ခရိုင်ရှိ မယ်လဒုက္ခသည်စခန်းသို့ သွားရောက်လည်ပတ် ခဲ့သည်။ ဒေါ်စု စခန်းအတွင်းလှည့်လည်စဉ် ထောင်ပေါင်းများစွာသောဒုက္ခသည်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ သူမ အနေဖြင့် စခန်းခေါင်းဆောင်များ၊ ဒေသခံအရာရှိများနှင့်တွေ့ဆုံခဲ့သည်။ ထိုင်းအာဏာပိုင်များက ထိုအလည်အပတ် ခရီးစဉ်ကို တင်းတင်းကြပ်ကြပ်ထိန်းချုပ်ထားခဲ့ပြီး၊ ဒေါ်စုမှ တရားဝင်မိန့်ခွန်းပြောကြားမှုမလုပ်နိုင်စေရန် ကြပ်မတ်ထားခဲ့ သည်။ ဒေါ်စုက ဒုက္ခသည်များကို သူမအနေနှင့် မေ့လျော့ထားမှာ မဟုတ်ကြောင်းပြောကြားခဲ့ပြီး၊ ဒုက္ခသည်များ၏ လိုအပ်ချက်များကို သူမတတ်နိုင်သမျှ အကောင်းဆုံးကူညီမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ထိုအလည်အပတ် ခရီးစဉ်အပြီးတွင် သူမက တိုင်းပြည်တွင်းအခြေအနေများ မှန်ကန်ကောင်းမွန်လာပြီးနောက် ဆန္ဒအလျောက်သာ ဗမာပြည် သို့ ပြန်လာသင့်ကြောင်း ပြောဆိုခဲ့သည်။

ဂျနီဗာ- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အကြံပြုတိုက်တွန်းချက်များ

ဇွန် ၁၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်နှစ်ပတ်လည်ညီလာခံ၌ မိန့်ခွန်းပြောကြား စဉ်အတွင်း ဗမာပြည်၌ ဒီမိုကရေစီနှင့်ဆီလျော်သည့် ဖွံ့ဖြိုးတိုးတက်မှုကိုအားပေးရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား တောင်းဆိုခဲ့သည်။ ဒေါ်စု၏ တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုအပေါ် အကြံပြုပြောဆိုချက်များတွင် အောက်ပါတို့ပါဝင် သည်။

- အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်စေသည့် နိုင်ငံခြားတိုက်ရိုက်မြှုပ်နှံမှုများ FDI ကိုဖိတ်ခေါ်သင့်သည်။

- ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ထိရောက်သောငွေကြေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်ထွန်းကားစေသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလိုလား။
- တူးဖေါ်ထုတ်နုတ်ရေးလုပ်ငန်းနယ်ပယ်တွင်း ရင်းနှီးမြှုပ်နှံမှုများအပေါ် အထူးသတိပြု ချဉ်းကပ်သင့်သည်။
- နိုင်ငံခြားကုမ္ပဏီများအနေဖြင့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) ကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု တိုးတက်ကောင်းမွန်မလာမချင်း လုပ်ငန်းပူးပေါင်း ဆောင်ရွက်မှုများမလုပ်သင့်။
- စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းနယ်ပယ်၌ တာဝန်ယူမှုရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် လယ်သမားငယ်များကို ကာကွယ်သည့် သင့်လျော်သောကြိုတင်သတိပြုချက်များ ရှိခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်
- ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကောင်းဆုံးကျင့်ဝတ်ကျင့်ထုံးများ စွဲကိုင်သင့်သည်။
- နိုင်ငံတကာအသိအမှတ်ပြု လုပ်သားရေးရာစံချိန်စံညွှန်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတာဝန်ရှိမှုများနှင့် စပ်လျဉ်းသည့် နောက်ကြောင်းမှတ်တမ်းများကို စစ်ဆေးသင့်သည်။

အော်စလို -- ပြုပြင်ပြောင်းလဲမှုများ၊ အပစ်အခတ်ရပ်စဲခြင်းများ၊ အကူအညီများ၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဒုက္ခသည်များအရေး

ဇွန် ၁၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် သူမအား ၁၉၉၁ ခုနှစ်က ပေးအပ်ထားသည့် နိုဘယ်ငြိမ်းချမ်းရေးဆု လက်ခံရယူသည့်အခမ်းအနားကျင်းပရာ အော်စလိုမြို့တော်ခန်းမတွင် ဂုဏ်သရေရှိပရိသတ် ၆၀၀ ရှေ့၌ စိတ်လှုပ်ရှားမှု အပြည့်ပါသော ဆုလက်ခံမိန့်ခွန်း ပြောကြားခဲ့သည်။ သူမက ဗမာပြည် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်အပေါ် "သတိရှိသည့် အကောင်းမြင်မှု" ထားရှိရန် တိုက်တွန်းခဲ့သည်။ သူမက စစ်တပ်အပါအဝင် "ပြည်တွင်းအင်အားစုအားလုံး၏ အသိတရားရှိရှိပူးပေါင်းဆောင်ရွက်မှု" ဖြင့်သာ ထိုပြောင်းလဲမှုဖြစ်စဉ်များ ရေရှည်တည်တန့်နိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က အပစ်ရပ်သဘောတူချက်များသည် "ပြည်သူအများ မျှော်မှန်းချက်အပေါ်တွင် တည်ဆောက်ထားသည့်" နိုင်ငံရေးဖြေရှင်းချက်များဆီ ဦးတည်သွားလိမ့်မည်ဟု မျှော်လင့်ကြောင်းပြောဆိုခဲ့သည်။ သူမက ဖွံ့ဖြိုးရေး၊ လူသားချင်းစာနာရေးအကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများသည် "ဟန်ချက်ညီပြီး ရေရှည်တည်တန့်ခိုင်မြဲသည့် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်မှုများ" ကို သေချာပေါက်အားပေးနိုင်အောင် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန် ဆော်ဩခဲ့သည်။ သူမက နိုင်ငံတကာအသိုင်းအဝိုင်းကို ဗမာပြည်ရှိနိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးနှင့်ခြွင်းချက်မရှိ လွတ်မြောက်လာရေးအတွက် "ဖြစ်နိုင်ခြေရှိသည့်အရာအားလုံး" ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြီး၊ "တကမ္ဘာလုံးရှိ အလှူရှင်များ" ကိုလည်း ဒုက္ခသည်များ၏ လိုအပ်ချက်များကို ပိုင်းဝန်းဖြည့်ဆီးပေးကြရန် မေတ္တာရပ်ခံခဲ့သည်။

လန်ဒန် -- ပိုမိုခိုင်မာတောင့်တင်းသော ဒီမိုကရေစီအဆောက်အအုံများ တည်ဆောက်ဖို့ မိမိတို့အားဝိုင်းဝန်းကူညီကြပါ

ဇွန် ၂၀ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က အောက်စဖို့တက္ကသိုလ်၌ တရားမဥပဒေဆိုင်ရာဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို လက်ခံယူပြီးနောက် ပြည့်နှက်နေသောပရိသတ်ရှေ့တွင် မိန့်ခွန်းပြောကြားခဲ့သည်။ သူမက လူတော်တော်များများသည် ဗမာပြည်မှ အများကြီးမျှော်လင့်နေကြကြောင်းပြောခဲ့ပြီး၊ တိုင်းပြည်၏ရှေ့ခရီးလမ်းသည် ချောမွေ့နေလိမ့်မည်မဟုတ် ဟု သတိပေးခဲ့ပါသည်။

ဇွန် ၂၁ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ပြီးကတည်းက ဂုဏ်သရေရှိ နိုင်ငံခြားသားလေးဦးကိုသာ စကားပြောခွင့် ဂုဏ်ပြုပေးခဲ့ဖူးသော ဗြိတိသျှလွှတ်တော် နှစ်ရပ်ပေါင်းအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောခဲ့သည်။ ဒေါ်စုက ဗြိတိန်ကို နုနယ်သေးသော ဗမာပြည်၏ပါလီမန်ဒီမိုကရေစီအပေါ် မည်သို့ အထောက်အကူပြုပေးနိုင်မည်ကို စဉ်းစားပေးပါရန် ဆော်ဩခဲ့သည်။ သူမက သမတသိန်းစိန်အုပ်ချုပ်မှုအောက်တွင် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို ချီးကျူးခဲ့သော်လည်း ခိုင်မာတောင့်တင်းသော အဆောက်အအုံများမရှိပါက ထိုပြုပြင်ပြောင်းလဲမှုဖြစ်စဉ်သည် ရေရှည်တည်တန့်ခိုင်မြဲလိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။ ဒေါ်စုက "တိုင်းရင်းသားပေါင်းစုံ၏ အခြေခံအခွင့်အရေးများနှင့် မျှော်မှန်းချက်များကို ထည့်သွင်းအာမခံနိုင်ရန်" ယခုလက်ရှိအခြေခံဥပဒေကို မဖြစ်မနေပြင်ဆင်ဖို့ လိုနေသည်ဟုလည်း ပြောကြားခဲ့သည်။

မတည်ငြိမ်မှုများက ရခိုင်ပြည်နယ်ကို လွှမ်းခြုံစေပြီး၊ စစ်အုပ်ချုပ်ရေးဥပဒေထုတ်ပြန်ခဲ့

အသက် ၂၇ နှစ်အရွယ် ဗုဒ္ဓဘာသာ ရခိုင်အမျိုးသမီးတဦး အဓမ္မပြုကျင့်သတ်ဖြတ်ခံရမှုနှင့် မူဆလင်ဘုရားဖူး ၁၀ ဦး အသတ်ခံရမှုက မေလ ၂၈ ရက်နေ့တွင် ပြင်းထန်လှသော ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်ဘာသာဝင်တို့အကြား အုပ်စုလိုက်ထိပ်တိုက်ဖြစ်မှုများကို ရခိုင်ပြည်နယ်၌ စတင်ပေါ်ပေါက်စေခဲ့ပါသည်။

- **ဇွန် ၃ ရက်**။ တောင်ကုတ်မြို့နယ်တွင်းရှိ ဗုဒ္ဓဘာသာရခိုင်လူမျိုး ၃၀၀ ခန့်ပါဝင်သော လူအုပ်က ခရီးသည်တင် ဘတ်စ်ကားတစီးကိုတိုက်ခိုက်ခဲ့ရာ သံတွဲသို့သွားရောက်လည်ပတ်ပြီး ဗမာပြည်အလယ်ပိုင်းသို့ ပြန်လာသည့် ဘုရားဖူး မူဆလင် ၁၀ ဦးပါအုပ်စုတစုအား သေသည်အထိ ရိုက်နှက်သတ်ဖြတ်ခဲ့သည်။ ထိုလူအုပ်က ခရီးသည်တင်ကားပေါ်တွင် မေလ ၂၈ ရက်နေ့က ရမ်းဗြဲမြို့နယ်မှ ရခိုင်အမျိုးသမီးကို အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့မှုအတွက် တာဝန်ရှိသူများ တင်ဆောင်လာသည်ဟုအထင်လွဲကာ ကားကိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုဖြစ်ရပ်မတိုင်မီ ၅ ရက်က ဒေသခံရဲတပ်ဖွဲ့အနေဖြင့် ရာဇဝတ်မှုအတွက်သံသယရှိသူ ရိုဟင်ဂျာအမျိုးသား ၃ ဦးကို ဖမ်းဆီးထိမ်းသိမ်းထားပြီး ဖြစ်သည်။
- **ဇွန် ၈ ရက်**။ မူဆလင်အုပ်စုတစုက မောင်းတောမြို့နယ်အတွင်းရှိဗလီတခု၌ သောကြာနေ့ ဝတ်ပြုဆုတောင်းပွဲများ အပြီးတွင် အစိုးရအဆောက်အဦးများနှင့် ဈေးဆိုင်များအား ခဲများဖြင့်ပစ်ပေါက်ခဲ့ပြီးနောက် အကြမ်းဖက်မှုများ ပြန့်နှံ့ဖြစ်ပွားခဲ့သည်။ ရဲများက လူစုခွဲရန်အားထုတ်ရာ တကြိမ်၌ သတိပေးသည့်အနေဖြင့် သေနတ်ပစ်ဖေါက်ခဲ့ရသည်။ ထို့နောက်တွင် ထိုအုပ်စုမှ အနီးအနားရှိ ဗုဒ္ဓဘာသာရခိုင်များ၏နေအိမ်များကို မီးတင်ရှို့ခဲ့ကြသည်။ ရိုဟင်ဂျာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ပြောခွင့်ရသူတဦးအဆိုအရ လုံခြုံရေးတပ်ဖွဲ့များက မူဆလင်များကို သေနတ်ဖြင့်ပစ်ခတ်သဖြင့် အပစ်ခံရသူ အများအပြားသေဆုံးခဲ့ရပြီးနောက် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ဤသတင်းကို အတည်ပြုနိုင်ခြင်းလုံးဝမရှိပါ။

တရားဥပဒေစိုးမိုးရေးပြန်လည်ရရှိစေရန် အားထုတ်မှုတရပ်အဖြစ် ဇွန် ၈ မှ ၁၀ အထိ အစိုးရက မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်တို့တွင် ညနေ ၆ နာရီနှင့် မနက် ၆ နာရီအကြား ညမထွက်ရအမိန့်နှင့် လူ ၅ ဦးထက် ပိုစုဝေးခြင်းပိတ်ပင်မှုတို့ကို ရက်အကန့်အသတ်မရှိထုတ်ပြန်ခဲ့သည်။ အစိုးရက အဆိုပါမြို့နယ်များတွင် ဒေသခံရဲများကိုအားဖြည့်ရန် စစ်ကူတပ်မတော်တပ်ဖွဲ့များ ဖြန့်ကျက်ချထားပြီး၊ ရခိုင်ကမ်းလွန် မြန်မာရေပိုင်နက်အတွင်း စစ်သင်္ဘောများ ကင်းလှည့်နေစေခဲ့သည်။ ဇွန် ၁၀ ရက်တွင် သမတသိန်းစိန်က ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့သည်။ ထိုအရေးပေါ်အခြေအနေထုတ်ပြန်ခြင်းက စစ်တပ်ကို ရခိုင်ပြည်နယ်အတွင်း စစ်အုပ်ချုပ်ရေး ကျင့်သုံးခွင့်ပြုခဲ့သည်။ ထိုအရေးပေါ်အမိန့်သည် နောက်ထပ်တစုံတရာ အမိန့်ထုတ်ပြန်ချက်မရှိမခြင်း အသက်ဝင်မည်ဖြစ်သည်။

အခြေအနေအပေါ် အစိုးရက တုန့်ပြန်ဆောင်ရွက်နေသော်လည်း၊ ဗုဒ္ဓဘာသာနှင့် မူဆလင်များအကြား အဓိကရုဏ်းဖြစ်ပွားမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်မှုများမှာ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ ပေါက်တောနှင့် ရသေ့တောင်တို့တွင် ဇွန် ၈ ရက်မှ ၁၉ ရက်တွင်း ဆက်လက်ပေါ်ပေါက်ခဲ့သည်ဟု သတင်းများရရှိသည်။ မေ ၂၈ ရက်မှ ဇွန် ၂၄ ရက်အတွင်း ပဋိပက္ခ ၉၇ ခု ဖြစ်ခဲ့သည်ဟု အစိုးရက ဇွန် ၂၆ ရက်တွင် ပြော သည်။

အစိုးရသတင်းများအရ မေလ ၂၈ ရက်မှ ဇွန်လ ၂၄ ရက်အတွင်းဖြစ်ပွားခဲ့သော မငြိမ်မသက်မှုကြောင့် လူ ၇၈ ဦးသေဆုံးကာ အိမ်ခြေ ၃၁၅၈ လုံးဖျက်ဆီးခံခဲ့ရသည်ဟု သိရသည်။ ထို့အပြင် ဇွန် ၈ ရက်မှ ၁၃ ရက်အတွင်း ဗလီ ၇ လုံးနှင့် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ၈ ကျောင်း ဖျက်ဆီးခံခဲ့ရသည်။ အဖွဲ့အစည်းအတော်များများက မူဆလင်ရိုဟင်ဂျာများနှင့် ဗုဒ္ဓဘာသာရခိုင်များအကြား ပိုမိုအရှိန်မြင့်လာသည့်တိုက်ခိုက်မှုများနှင့် လက်တုန့်ပြန်မှုများကြောင့် သေဆုံးမှုစာရင်း

သည် ထုတ်ပြန်သည်ထက် ပိုမိုများကောင်းများနိုင်သည်ဟု ဆိုကြသည်။ ဇွန် ၁၆ ရက်နေ့တွင် အစိုးရအရာရှိတဦးက မောင်းတောတွင် လူ ၂၀၀ ကျော် ပျောက်ဆုံးနေသည်ဟု ဆိုခဲ့သည်။ ဇွန် ၁၆ ရက်နေ့က မြန်မာရိုဟင်ဂျာအဖွဲ့ (ဗြိတိန်) (BROUK) က အကြမ်းဖက်မှုများကြောင့် ရိုဟင်ဂျာ ၆၅၀ သတ်ဖြတ်ခံရပြီး ၁၂၀၀ ကျော် ပျောက်ဆုံးနေဆဲဟု ဆိုသော်လည်း မည်သို့မှအတည်ပြုချက် မရှိပါ။ များပြားလှသော အတည်မပြုနိုင်သည့် အခြားသတင်းများကလည်း မောင်းတောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ဒေသခံရိုဟင်ဂျာရွာသားများအပေါ် အစိုးရလုံခြုံရေးတပ်ဖွဲ့များ (တပ်မတော်၊ ရဲ၊ နစက) တို့က ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖေါက်မှုများလုပ်ခဲ့သည်ဟု ဖေါ်ပြကြသည်။ ထိုချိုးဖေါက်မှုများတွင် အကျဉ်းရုံးစီရင်သတ်ဖြတ်ခြင်းများ၊ အမျိုးသမီးများကိုအဓမ္မပြုခြင်းများ၊ ယာယီဖမ်းဆီးထိန်းသိမ်းခြင်းများနှင့် နှိပ်စက်ညှင်းပမ်းမှုများ ပါဝင်သည်။

အပြစ်လွတ်ခြင်းနှင့် ပေတံနှစ်မျိုး -- ရခိုင်ပြည်နယ်ရှိ မငြိမ်မသက်မှုအပေါ် အစိုးရတရားစီရင်ရေးပိုင်း၏ တုန့်ပြန်ဆောင်ရွက်မှု

- **ဇွန် ၃**။ အစိုးရအာဏာပိုင်များက တောင်ကုတ်မြို့နယ်အတွင်း သတ်ဖြတ်ခံရသော ဗုဒ္ဓဘာသာဝင် ၁၀ ဦးအပေါ် တိုက်ခိုက်မှုအား ဖမ်းဆီးမှုတစုံတရာမပြုခဲ့။
- **ဇွန် ၄**။ မေလ ၂၈ ရက်နေ့က ရမ်းဗြဲမြို့နယ်တွင် အဓမ္မပြုကျင့် သတ်ဖြတ်ခံရသည့် ရခိုင်အမျိုးသမီးအမှုကိစ္စ၌ အပြစ်ရှိသည်ဟု စွပ်စွဲခံရသူ ရိုဟင်ဂျာအမျိုးသား ၃ ဦး အမှုစီရင်ခြင်းကို ကျောက်ဖြူတရားရုံးတခုတွင် စတင်ခဲ့။
- **ဇွန် ၆**။ အစိုးရက ဇွန် ၃ ရက် တောင်ကုတ်တွင် အသတ်ခံရသော မူဆလင် ၁၀ ဦးအမှုစုံစမ်းစစ်ဆေးရန် အဖွဲ့ဝင် ၁၆ ဦးပါ ကော်မတီတရပ်ဖွဲ့စည်းခဲ့။ ကော်မတီကို အစိုးရ ဒုတိယပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဦးဆောင်ပြီး၊ ကော်မတီတရပ်လုံးကို အစိုးရအရာရှိများဖြင့် ဖွဲ့စည်းခဲ့။ ကော်မတီက ဇွန် ၃၀ ရက်တွင် သမတသိန်းစိန်ထံ တွေ့ရှိချက်များ အစီရင်ခံရမည်ဖြစ်။
- **ဇွန် ၉**။ မေလ ၂၈ ရက်နေ့ ရမ်းဗြဲမြို့နယ်တွင် အဓမ္မပြုကျင့် သတ်ဖြတ်ခံရသည့် ရခိုင်အမျိုးသမီးအမှုကိစ္စ၌ အပြစ်ရှိသည်ဟု စွပ်စွဲခံရသူ ရိုဟင်ဂျာအမျိုးသား ၃ ဦးအနက်မှတဦး ကျောက်ဖြူအချုပ်တွင် ကြိုးဆွဲချသတ်သေ။
- **ဇွန် ၁၈**။ ကျောက်ဖြူတရားရုံးတခုက မေလ ၂၈ ရက်နေ့ ရမ်းဗြဲမြို့နယ်တွင် အဓမ္မပြုကျင့်သတ်ဖြတ်ခံရသည့် အသက် ၂၇ နှစ်အရွယ် ရခိုင်အမျိုးသမီးအမှုကိစ္စနှင့် အပြစ်ရှိသည်ဟု စွပ်စွဲခံရသူ ရိုဟင်ဂျာအမျိုးသား ၂ ဦးအားသေဒဏ်ချမှတ်။

လူ ၉၀,၀၀၀ ထိ အိုးအိမ်စွန့်ခွာခဲ့ရ၊ ဘင်္ဂလားဒေ့ရှ်က ဒုက္ခသည်များကိုတားဆီး

ဇွန်လ ၁၈ ရက်အထိ ရခိုင်ပြည်နယ် မငြိမ်သက်မှုများကြောင့် လူဦးရေ ၅၂,၂၀၀ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ပြီး ရခိုင်ပြည်နယ်၏ မြို့နယ် ၆ မြို့နယ်မှ စခန်း ၆၆ ခုတွင် နေရာချထားခဲ့ရသည်ဟု အစိုးရသတင်းများကဆိုသည်။ သို့သော်လည်း ကုလသမဂ္ဂက လူပေါင်း ၉၀,၀၀၀ ထိ အိုးအိမ်စွန့်ခွာခဲ့ရပြီး အထောက်အကူများလိုအပ်နေသည်ဟု ခန့်မှန်းထားသည်။

ရိုဟင်ဂျာရာပေါင်းများစွာသည် အကြမ်းဖက်မှုများမှလွတ်မြောက်ရန် ဘင်္ဂလာဒေ့ရှ်တွင် ခိုလှုံဖို့ ကြိုးစားခဲ့ကြသည်။ ဇွန်လ ၃ ရက်မှ ၁၈ ရက်အတွင်း အမျိုးသမီးနှင့် ကလေးအများစုပါသော ရိုဟင်ဂျာ ၂,၀၀၀ ခန့် အန္တရာယ်မကင်းသည့် လှေငယ်များနှင့် နတ်မြစ်ကိုဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်သို့ ဝင်ရောက်ရန်ကြိုးစားခဲ့ကြသည်။ သို့သော် ဘင်္ဂလာဒေ့ရှ်အာဏာပိုင်များက ၎င်းတို့ကို ပြန်လည်မောင်းထုတ်ခဲ့သည်။ ဇွန် ၁၂ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒီပူမိုနီက ရခိုင်ဒေသအကြမ်းဖက်မှုများမှ ထွက်ပြေးလွတ်မြောက်လာသူများကို ခိုလှုံခွင့်ပေးရန် ကုလသမဂ္ဂ၏မေတ္တာရပ်ခံချက်ကို ငြင်းပယ်ခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ရိုဟင်ဂျာဒုက္ခသည်များကြောင့် "ဝန်ထုပ်ဝန်ပိုးပိနေခဲ့ပြီး" ဖြစ်သောကြောင့် မည်သည့်အခြေအနေမှာမဆို ထပ်မံလက်ခံရန်မဖြစ်နိုင်တော့ဟု ဆိုခဲ့သည်။

အစိုးရက အကူအညီပေးရေးလုပ်သားများကို ချုပ်နှောင်၊ အထောက်အပံ့ကိစ္စများနှောင့်နှေး

မငြိမ်မသက်ဖြစ်မှုက ရခိုင်ပြည်နယ်တွင်းရှိ လူထောင်ပေါင်းများစွာကို ဆိုးဝါးသော အခက်အခဲများဖြစ်ပေါ်စေခဲ့သည်။ ဇွန် ၂၂ ရက်နေ့တွင် ကုသမဂ္ဂလူ့အခွင့်အရေးရုံးက ရခိုင်ပြည်နယ်က အခြေအနေမှာ "တင်းမာ၍ ကွဲရှလွယ်သည်" ဟု ဖေါ်ပြခဲ့ပြီး၊ ဆက်လက်ဖြစ်ပွားနေသော လူမျိုးရေးဘာသာရေးအကြမ်းဖက်မှုနှင့် ပြည်တွင်းဒုက္ခသည်စခန်းများအတွင်း ဆင်းဆင်းရဲရဲအခြေအနေများကြောင့် ဆိုးဝါးသော လူသားချင်းစာနာရေး အကြပ်အတည်းတရပ် ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးခဲ့သည်။ ဒေသတွင်းနှင့် နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့များက အလွန်အမင်းလိုအပ်နေသည့် အကူအညီများပေးဝေရန် အလျင်အမြန်လုပ်ရှားနေချိန်တွင် အစိုးရ၏ လုပ်ရှားလုပ်ဆောင်မှုများက ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း ဒုက္ခသည်များကို စစ်အစိုးရ၏မထိရောက်သော အကူအညီပေးပုံနှင့် နှိုင်းယှဉ်ရလောက်အောင် ဖြစ်နေသည်။

- **ဇွန် ၂၀။** အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမောင်လွင်က ရခိုင်ပြည်နယ် မငြိမ်သက်မှုများကြောင့် ထိခိုက်ရသူများ ကို လူသားချင်းစာနာထောက်ထားသော အကူအညီများပေးလိုကြောင်း မလေးရှား၏ကမ်းလှမ်းချက်ကို အခြေ အနေများ "ထိမ်းချုပ်နိုင်ပြီ"ဟု ပြောပြီး ပယ်ချခဲ့သည်။
- **ဇွန် ၂၆။** တင်းမာမှုများ ဆက်လက်မြင့်မားနေပြီး၊ လူသားချင်းစာနာသောအထောက်အကူ လိုအပ်ချက်များ ရှိနေ သေးသည်ဟု ကုလသမဂ္ဂက သတိပေးနေသေးသော်လည်း အစိုးရက အိုးအိမ်စွန့်ခွာထွက်ပြေးရသူ ၁၀၀၀ နီးပါး ကို မောင်းတောမြို့နယ်အတွင်းရှိ မူရင်းနေထိုင်ရာကျေးရွာများသို့ ပြန်လည်ပို့ဆောင်ခဲ့သည်ဟု အစီရင်ခံစာ တစောင်ကဆိုပါသည်။
- **ဇွန် ၂၈။** ဗမာပြည်တွင် လုပ်ဆောင်နေကြသော နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များစွာက အစိုးရသည် အကြမ်းဖက်မှုများဖြစ်ပေါ်လာပြီးနောက် ရခိုင်ပြည်နယ်တလွှားနေရာအသီးသီးရှိ ကယ်ဆယ်ရေးလုပ်သား တဒါဇင်ခန့်ကို ထိမ်းသိမ်းထားသည်ဟု ပြောဆိုခဲ့ပါသည်။

ဒေါ်စု -- မငြိမ်သက်မှုများကို ဖြေရှင်းနိုင်ရန် တရားဥပဒေစိုးမိုးရေးနှင့် ပိုမိုကောင်းမွန်သော နိုင်ငံသားဥပဒေလိုအပ်

ဇွန်လအတွင်း ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အခြေအနေများကို အကြိမ်ပေါင်းများစွာ ထည့်သွင်းပြောကြားခဲ့ သည်။

- **ဇွန် ၆**။ ဒေါ်အောင်ဆန်းစုကြည်က ဒေသခံ ရခိုင်ပြည်နယ်အာဏာပိုင်များ၏ အခြေအနေကိုင်တွယ်နေမှုများ၊ အထူးသဖြင့် မူဆလင်ဆန့်ကျင်မုန်းတီးစိတ်များ ပပျောက်သွားအောင်မလုပ်နိုင်မှုအပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က [ဇွန် ၃ ရက်] သတ်ဖြတ်မှုများသည် လူမျိုးရေး ဘာသာရေးအက် ကြောင်းများကို ပိုမိုကြီးမားလာစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းပြောဆိုခဲ့သည်။ သူမက ဗုဒ္ဓဘာသာဝင်များကိုလည်း "လူနည်းစုများအပေါ် စာနာစိတ်မွေးကြရန်" တောင်းဆိုခဲ့သည်။
- **ဇွန် ၁၄။** ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဗမာပြည်တွင် "နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ အလွန်ရှင်းလင်းတိကျသောဥပဒေများ" လိုအပ်ပြီး "ပိုမိုတာဝန်ယူစိတ်ရှိပြီး အကျင့်ပျက်လာဘ်စားမှုမရှိသည့် နယ်ခြားစောင့်ကြပ်မှုများ" လိုအပ်နေသည်ဟု ပြောဆိုခဲ့သည်။ သူမက အကယ်၍ တရားဥပဒေစိုးမိုးမှုမသေချာလျှင်၊ နိုင်ငံသားတိုင်းအတွက် သာတူညီမျှသော ကာကွယ်ပေးမှုမရှိလျှင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေလိမ့်မည်ဟု ပြောကြားခဲ့သည်။ ဒေါ်စုက ရခိုင်ပြည်နယ်က မငြိမ်သက် မှုများကို "နားလည်မှုရှိရှိ မျှမျှတတကိုင်တွယ်" သင့်သည်ဟုလည်း ပြောကြားခဲ့သည်။
- **ဇွန် ၂၆။** ဒေါ်အောင်ဆန်းစုကြည်က ပဋိပက္ခများကိုင်တွယ်ဖြေရှင်းနိုင်ရန် တရားဥပဒေစိုးမိုးမှု၏ အရေးကြီးမှုကို ထပ်မံပြောကြားခဲ့သည်။ သူမက ဗမာပြည်မှနိုင်ငံသားဖြစ်မှုဥပဒေသည် "နိုင်ငံတကာစံများနှင့် လိုက်လျောညီ ထွေဖြစ်အောင်" လုပ်ရန်လိုသည်ဟုလည်းပြောခဲ့သည်။

ဒုတိယနှစ်အတွင်းဝင်ရောက်လာသည့်ကချင်ပြည်နယ်ပဋိပက္ခ

ဇွန် ၉ ရက်နေ့သည် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား ပဋိပက္ခဖြစ်ပွားသည့် တနှစ်မြောက် နေ့ဖြစ်သည်။ ဇွန်လ ၈ ရက်နေ့တွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) က လွန်ခဲ့သည့်နှစ်အတွင်း တပ်မတော် ကကျူးလွန်ခဲ့သည့် အရပ်သားများကိုသတ်ဖြတ်ခြင်း၊ အဓမ္မလုပ်အားပေးစေခြင်း၊ အဓမ္မနေရပ်ရွှေ့ပြောင်းစေခြင်းနှင့် အမျိုးသမီး သို့မဟုတ် မိန်းခလေးငယ် ၄၃ ဦးအပေါ် အဓမ္မပြုကျင့်မှု သို့မဟုတ် လိင်ပိုင်ဆိုင်ရာစော်ကားမှု (ယင်းတို့ထဲမှ ၂၀ ဦး အသတ်ခံခဲ့ရသည်) အပါအဝင် လူ့အခွင့်အရေးချိုးဖေါက်မှုအမျိုးမျိုးကို အသေးစိတ်တင်ပြထားသည့် အစီရင်ခံစာ တစောင်ထုတ်ပြန်ခဲ့ပါသည်။

ဇွန်လထဲတွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်အကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုနှစ်ခု ထပ်မံပြု လုပ်ခဲ့ကြသည်။

- **ဇွန် ၁။** မီးရထားဝန်ကြီးဦးအောင်မင်းနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွန်မော်တို့ ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုင်ဂျာယန်တွင် တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့သည်။ ထိုတွေ့ဆုံမှုတွင် ကချင်လွတ်မြောက်ရေးတပ်မတော်မှ ရှေ့တန်းရှိ တပ်မတော်စစ်သည်များအားလုံး ရုပ်သိမ်းပေးရန်အဆိုကို ထပ်မံတောင်းဆိုခဲ့သည်။
- **ဇွန် ၂၀။** ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုင်ဂျာယန်တွင် နှစ်ဘက်ကိုယ်စားလှယ်များ ထပ်မံတွေ့ဆုံဆွေးနွေး ခဲ့သည်။

မေလ ၂၁ ရက်ကတည်းက အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု သုံးကြိမ်ပြုလုပ်ခဲ့သော်လည်း၊ တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့များအကြား တင်းမာမှုများ ပြေပျောက်သွားခြင်းမရှိခဲ့ပါ။

- **ဇွန် ၂။** တပ်ရင်း အမှတ် ၃၆ မှ ကချင်လွတ်မြောက်ရေးစစ်သည်များက ရှမ်းပြည်မြောက်ပိုင်း နမ့်ဟူးရှိ အစိုးရစစ်ဆေးရေးဂိတ်တခုကို ဖျက်ဆီးခဲ့သည်။
- **ဇွန် ၁၇။** တပ်မတော်စစ်သည်များက ကချင်ပြည်နယ် တနိုင်းမြို့နယ် တနိုင်းနှင့်မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့ခဲ့ပြီး၊ တနိုင်းဝှမ်အတွင်း စစ်ရေးလေ့ကျင့်မှုများနှင့် စစ်အင်အားဖြည့်တင်းမှုများ စတင်ပြုလုပ်ခဲ့သည်။
- **ဇွန် ၁၈။** ကချင်လွတ်မြောက်ရေးစစ်သည်များနှင့် တပ်မတော်စစ်သည်များ ရှမ်းပြည်မြောက်ပိုင်း ပန်ဆိုင်းနှင့် မုံဂူအနီးတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ်အတွင်း တိုက်ပွဲဆက်ဖြစ်

ရှမ်းပြည်နယ်တွင် တပ်မတော်နှင့် ရှမ်းပြည်တပ်မတော် တောင်-မြောက်နှစ်ဖွဲ့လုံးအကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး၊ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်းက အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုနှစ်စုကြား ရေးထိုးထားသောသဘောတူညီချက်များကို ပြန်လည်သုံးသပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

- **ဇွန် ၂။** မိုင်းတုံမြို့နယ်အတွင်း တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်းတပ်ဖွဲ့တို့အကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့။
- **ဇွန် ၁၆။** ခမရ ၂၂၅ နှင့် ၆၅ တို့မှ တပ်မတော်စစ်သည်များက မိုင်းတုံမြို့နယ် ပုန်ပါကျင်ကျေးရွာရှိ ရှမ်းပြည်တပ်မတော်-တောင်ပိုင်း၏ အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့။ ရှမ်းပြည်တပ်မတော်-တောင်ပိုင်းစစ်သည်များ ဆုတ်ခွာသွားပြီးနောက်တွင် တပ်မတော်က ထိုအခြေစိုက်စခန်းအားမီးရှို့ခဲ့။
- **ဇွန် ၁၇။** ခမရ ၅၁၆ မှ တပ်မတော်စစ်သည်များက မိုင်းရှူးမြို့နယ်အတွင်းရှိ တောင်ဟီးယိုးနှင့် မိုင်းအော့ အကြား ရှိ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း အခြေစိုက်စခန်းအား တိုက်ခိုက်ခဲ့။
- **ဇွန် ၁၇။** သီပေါမြို့နယ် ဂန်စင်း-နမ့်လန်အနီးတွင် ခမရ ၁၁၅ တပ်ဖွဲ့များနှင့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်းတပ်ဖွဲ့များအကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့။
- **ဇွန် ၁၉။** ကွန်ဟိန်းမြို့နယ် ဆိုက်ခေါင်တွင် ခမရ ၅၇၅ မှ တပ်မတော်တပ်ဖွဲ့များနှင့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်းတပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့။
- **ဇွန် ၂၀။** မိုင်းရှူးမြို့နယ် ပေါ့လောင်းတွင် တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်-မြောက်ပိုင်းတို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့။
- **ဇွန် ၂၁။** မိုးနဲမြို့နယ် ဆိုက်ခေါင်တွင် ခမရ ၅၇၅ မှ တပ်ဖွဲ့များနှင့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့။
- **ဇွန် ၂၇။** လဲချားမြို့နယ် ဂန်ယိန်းတွင် ခလရ ၆၄ မှ တပ်ဖွဲ့များနှင့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်းတို့ တိုက်ပွဲဖြစ်ပွားခဲ့။

ကရင်နီ နှင့် အစိုးရ ဒုတိယသဘောတူညီချက် လက်မှတ်ရေးထိုး

မတ်လ ၇ ရက်နေ့ကရေးထိုးခဲ့သည့် 'ပဏာမသဘောတူညီချက်'၏ နောက်ဆက်တွဲအနေဖြင့် ကရင်နီပြည် လွိုင်ကော်မြို့တွင် အစိုးရနှင့်သဘောတူညီချက်အသစ်တရပ်ကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ Karenni National Progressive Party (KNPP) နှင့် မီးရထားပို့ဆောင်ရေးဝန်ကြီး အောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့တို့ ဇွန်လ ၁၀ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့သည်။ နောက်ဆုံးသဘောတူညီချက်တွင် ညှိနှိုင်းချက် ၂၀ အနက်မှ ၁၇ ချက်ကို သဘောတူညီမှုရရှိခဲ့ကြပြီး ကျန် ၃ ချက်ကို လာမည့်တွေ့ဆုံဆွေးနွေးမှုများတွင် ဆွေးနွေးသွားကြမည်ဖြစ်သည်။ မပြေလည်သေးသောအချက်များမှာ ကရင်နီပြည်အတွင်းအခြေစိုက်စခန်းသစ်များ ထူထောင်ခွင့်ရရန် ကရင်နီအဖွဲ့မှ မေတ္တာရပ်ခံချက်၊ KNPP ထိန်းချုပ်ရာနယ်မြေများမှ တပ်မတော်တပ်ဖွဲ့များအားလုံးဆုတ်ခွာပေးရန်နှင့် ကရင်နီပြည် သံလွင်မြစ်တလျှောက် ဆောက်လုပ်နေသော ရေကာတာဆောက်လုပ်နေမှုများ ရပ်တန့်ပေးရန် မေတ္တာရပ်ခံချက်ဖြစ်သည်။

အရှိန်အဟုန်မပျက်သော မူးယစ်ဆေး ဆက်လက်ထုတ်လုပ်မှု

ဇွန် ၂၆ ရက်ကထုတ်ပြန်သည့် အစီရင်ခံစာနှစ်စောင်တွင် ဗမာပြည်ရှိ ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှု တိုးမြင့်လာခြင်းကို မှတ်တမ်းပြုစုထားပါသည်။

- ရှမ်းသံတော်ဆင့်သတင်းဌာနက ၎င်း၏ နှစ်စဉ် ရှမ်းမူးယစ်ဆေးဝါးစောင့်ကြည့်ရေးအစီရင်ခံစာကို ထုတ်ပြန်ခဲ့ သည်။ ထိုအစီရင်ခံစာ၌ ရှမ်းပြည် ၅၅ မြို့နယ်မှ ၄၉ မြို့နယ်တွင် ဘိန်းစိုက်ပျိုးလျက်ရှိသည်ဟု အစီရင်ခံခဲ့ပြီး၊ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း ရှမ်းပြည်နယ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု မြင့်တက်လာခဲ့သည်ဟု ဖော်ထုတ်ရေးသားထားသည်။
- မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာကုလသမဂ္ဂရုံးက '၂၀၁၂ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာ' ကိုထုတ်ပြန် ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ၎င်း၏ ယခင်ထုတ်ဝေပြီး '၂၀၁၁ အရှေ့တောင်အာရှဘိန်းစစ်တမ်း' ပါ ဗမာပြည်နှင့်ဆိုင်သည့်တွေ့ရှိချက်များကိုလည်း ပြန်လည်ဖော်ပြထားသည်။ ထိုအစီရင်ခံစာက ၂၀၁၁ တွင် ဗမာ ပြည်၌ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် ၂၀၁၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၄ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာသည်ဟု ဖော်ပြထားသည်။

လူ့အခွင့်အရေး

အစိုးရက သတင်းဌာနများအပေါ် တင်းကြပ်မှု တဆင့်တိုး၊ အင်တာနက်ပေါ်တွင် မုန်းတီးမှုများပြန့်နှံ့

ရခိုင်ပြည်နယ်က လူမျိုးရေးဘာသာရေးမငြိမ်သက်မှုများကြောင့် လွတ်လပ်သောသတင်းဌာနများအပေါ် တင်းကြပ်မှု ပိုမို တိုးပွားလာခဲ့သည်။

- **ဇွန် ၁၀။** အကယ်၍ ရခိုင်ဒေသတွင် ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများကို ပိုမိုဆိုးဝါးလာစေရန် လှုံ့ဆော်သည့် အရေးအသားများ ရေးသားထုတ်ဝေပါက အရေးပေါ်ဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် အရေးယူခံရနိုင်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ် မြင့်ဆွေက သတင်းသမားများအား ခေါ်ယူသတိပေးခဲ့သည်။ ထို့အပြင် အစိုးရဆင်ဆာအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် တင့်ဆွေက သတင်းများအားလုံး မထုတ်ဝေမီ ဆင်ဆာအဖွဲ့သို့ တင်ရမည်ဟု သတင်းသမားများအား သတိပေးခဲ့သည်။
- **ဇွန် ၁၁။** ရခိုင်ပြည်နယ်အတွင်း မေလ ၂၈ ရက်နေ့က အဓမ္မပြုကျင့် သတ်ဖြတ်ခံရသော ရခိုင်အမျိုးသမီး၏ ရုပ် အလောင်းပုံကို ထုတ်ဝေသည့်အတွက် လျှပ်တပျက်အပတ်စဉ်ဂျာနယ်အား အစိုးရ ဆင်ဆာအဖွဲ့က ထုတ်ဝေခွင့် အကန့်အသတ်မရှိပိတ်ထားသည်။
- **ဇွန် ၁၅။** ရခိုင်ပြည်နယ်မှ အစိုးရအာဏာပိုင်များက စာနယ်ဇင်းသမားများကို တပ်မတော်၏ ထိန်းချုပ်နယ်မြေ မဟုတ်သော နေရာများသို့သွားရောက်သတင်းယူခွင့် တင်းတင်းကြပ်ကြပ် ပိတ်ပင်တားမြစ်ခဲ့သည်ဟု သတင်း များပေါ်ထွက်ခဲ့သည်။

အစိုးရအနေနှင့် လွတ်လပ်သောသတင်းရင်းမြစ်များအပေါ် ထိမ်းချုပ်နိုင်ရေးဖြင့် မအားမလပ်ဖြစ်နေချိန်တွင် နိုင်ငံပိုင် သတင်းဌာနက သွေးထိုးလှုံ့ဆော်သော အသုံးအနှုန်းများသုံးစွဲမှုကို ရှောင်ရှားရန် ပျက်ကွက်ခဲ့သည်။ ဇွန် ၅ ရက်နေ့က နိုင်ငံပိုင်သတင်းဌာနဖြစ်သော မြန်မာ့အလင်းသတင်းစာမှ ရခိုင်ပြည်နယ် တောင်ကုတ်တွင် ဇွန် ၃ ရက်က တိုက်ခိုက်သတ် ဖြတ်ခံရသူများကို မူဆလင် သို့မဟုတ် အိန္ဒိယနွယ်ဖွားရုပ်ပေါက်သူများကို နှိမ်ချခေါ်ဝေါ်သော 'ကုလား' ဆိုသည့် အသုံးအနှုန်းဖြင့် ညွှန်းဆိုဖော်ပြခဲ့သည်။

တပြိုင်တည်းမှာပင် မူဆလင်နှင့်ရိုဟင်ဂျာများကို ဦးတည်သည့် မုန်းတီးစွာရေးသားပြောဆိုမှုများ အင်တာနက်စာမျက်နှာ များပေါ် အတားအဆီးမဲ့ပြန့်နှံ့ခဲ့သည်။ ထောင်ပေါင်းများစွာသော စီစစ်မှုမရှိသည့် ရိုဟင်ဂျာမုန်းတီးရေးမှတ်ချက်များ အင်တာနက်စာမျက်နှာ၊ ဘလော့နှင့် လူမှုကွန်ယက်များအပေါ် ပြန့်နှံ့ခဲ့သည်။ မြန်မာအွန်လိုင်းဖိုရမ်များတွင် ရိုဟင်ဂျာ များကို ခွေးများ၊ သူခိုးများ၊ အကြမ်းဖက်သမားများ၊ ကျူးကျော်လာသူများ၊ အစွလာမ်အကြမ်းဖက်သမားများနှင့် အခြား နှိမ်ချသည့် အသုံးအနှုန်းများစွာ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။

တပ်မတော်က ကလေးစစ်သား ဆက်လက်စုဆောင်း အသုံးပြုနေဆဲ

ကုလသမဂ္ဂက တပ်မတော်၏ ထိန်းသိမ်းမရဖြစ်နေသည့် ကလေးစစ်သားစုဆောင်းအသုံးပြုမှုကို ဆက်လက်မှတ်တမ်းပြု နေခဲ့သည်။

- **ဇွန် ၁၁။** ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြသည့် ကလေးသူငယ် များနှင့် လက်နက်ကိုင်ပဋိပက္ခအကြောင်း နှစ်ပတ်လည်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ ဒီဇဘာလအတွင်း လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များအပေါ်ကျူးလွန်သည့် အကြမ်းဖက်မှု များကို

ခြေရာကောက်ထားသည့် ထိုအစီရင်ခံစာ၌ ဗမာပြည်ကို ကလေးစစ်သား စုဆောင်းအသုံးပြုဆဲ ၁၀ နိုင်ငံထဲမှ တနိုင်ငံအဖြစ် စာရင်းသွင်းထားသည်။ ထိုအစီခံစာအရ

○ တပ်မတော်က ကလေးများကို ဆက်လက်စစ်သားစုဆောင်းခဲ့သည်။ တပ်မတော်က ကလေးသူငယ် များကို အထမ်းသမားအဖြစ်ခိုင်းစေခြင်းအပြင် အဓမ္မလုပ်အားပေးစေခြင်းတွင်လည်း အသုံးပြုနေ သည်။ ၂၀၁၁ နှောင်းပိုင်း အတည်ပြုထားသည့်အစီရင်ခံစာများက ရှေ့တန်းစစ်မြေပြင်များတွင် လူကြီး များနှင့်အတူ ကလေးများကို အထမ်းသမားများအဖြစ် အသုံးပြုသည်ဟု ဖေါ်ပြထားသည်။

○ အစိုးရ၏ အသက်မပြည့်ကလေးသူငယ်များစုဆောင်းမှုတားဆီးရေးကော်မတီအနေဖြင့် ယခင်နှစ်များ ထက်စာလျှင် ၂၀၁၁ တွင် တိုင်ကြားစာများ ပိုမိုရရှိခဲ့သည်။ ကလေးစစ်သားစုဆောင်းမှုနှင့်ပတ်သက်၍ အဓိကတိုင်စာအများအပြား လက်ခံရရှိသည့်နေရာများမှာ ရန်ကုန်၊ ရောဂတီနှင့် မန္တလေးတိုင်းတို့ ဖြစ် သည်။

○ အတည်ပြုစစ်ဆေးပြီးဖြစ်ရပ်များစွာတွင် တပ်မတော်က လက်နက်ကိုင်တိုင်းရင်းသားများ အခြေပြု သောရွာများ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့်အဆက်အသွယ်ရှိသည်ဟု ယူဆ သောရွာများရှိ ကလေးငယ်များကို လက်တုန့်ပြန်သည့်အနေဖြင့် သတ်ဖြတ်ခဲ့ကြသည်။

○ အစိုးရက တိုင်းပြည်၏ နေရာအတော်များများ၊ အထူးသဖြင့် အပစ်ရပ်နှင့် အပစ်မရပ်သေးသော ဒေသ များရှိ ကလေးများအပါအဝင် အားနည်းထိခိုက်လွယ်သောအုပ်စုများသို့ အကူအညီပေးရေးအဖွဲ့များ သွားရောက်သူညီခွင့် ကန့်သတ်မှုကို ဆက်လက်ပြုလုပ်ခဲ့သည်။

- **ဇွန် ၁၉**။ ကုလသမဂ္ဂက ၂၀၁၂ ခုနှစ်အစောပိုင်းသုံးလတွင် တပ်မတော်၏ ကလေးစစ်သားသစ်စုဆောင်းသည့် အမှု ၂၄ ခုကို ဟုတ်မှန်ကြောင်းစစ်ဆေးအတည်ပြုထားသည်ဟု အစီရင်ခံစာတခုက ဖေါ်ပြသည်။ ထို့အပြင် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ကလည်း ၂၀၁၂ ဇန်နဂါရီ မှ ဧပြီအတွင်း အသက်မပြည့်သူအား တပ်မ တော်က တပ်သားသစ်အဖြစ်စုဆောင်းခြင်းကို တိုင်တန်းသည့်အမှုပေါင်း ၇၂ မှုကျော်ကို စုံစမ်းစစ်ဆေးနေခဲ့ သည်ဟု အစီရင်ခံစာတခုကဆိုသည်။

ဇွန် ၂၇ ရက်နေ့က အစိုးရအရာရှိများနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များ နေပြည်တော်တွင် တပ်မတော်က ကလေး စစ်သားစုဆောင်းအသုံးပြုမှုကို တားမြစ်ရန်နှင့် အသက်မပြည့်သေးသောလူသစ်များအား ပြန်လွှတ်ပေးရေးအတွက် ဆောင်ရွက်ရန် အစီအစဉ်တခု သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အိုးအိမ်စွန့်ခွာရခြင်းများ

ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ ဖမ်းဆီးခေါင်းပုံဖြတ်ခြင်းခံနေရ

ဇွန်လထဲ၌ ထိုင်းအစိုးရက လူကုန်ကူးမှုကိုင်တွယ်ဖြေရှင်းခြင်းခေါင်းစဉ်ဖြင့် ရွှေ့ပြောင်းအလုပ်သမကိုယ်ဂန်သည်များကို ပြန်ပို့ရန် ကြိုးစားနေသည်ဟု သတင်းများထွက်နေချိန်တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံအတွင်း ဆက်လက်၍ ဖမ်းဆီးခေါင်းပုံဖြတ်ခြင်းခံနေရသည်။

- **ဇွန် ၁၂။** ထိုင်းအာဏာပိုင်များက ချွန်ဘူရီခရိုင်အတွင်းရှိ ကုန်တင်ကုန်ချဆိပ်ကမ်းတခု၌ ကျွန်အဖြစ်ခိုင်းစေခြင်း ခံနေရသော ဗမာရွှေ့ပြောင်းလုပ်သား ၁၁ ဦးကို ကယ်တင်ခဲ့ရသည်။ သတင်းများအရ လူကုန်ကူးသူများက လုပ်ခ တနေ့လျှင် ဘတ်ငွေ ၃၀ (အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှ) ပေးပြီး နာရီ ၂၀ အလုပ်ကြမ်းခိုင်းစေသော ငါးဖမ်းလှေများထံ ရောင်းချခဲ့သည်ဟု ဆိုသည်။
- **ဇွန် ၂၆။** ထိုင်းအာဏာပိုင်များက ကုန်တင်ကားနောက်ခန်းတွင် ပုန်းအောင်းလိုက်လာပြီး တာ့က်ခရိုင် မဲဆောက် သို့ ကျော်ဝင်လာသူ ဗမာပြည်မှ ရွှေ့ပြောင်းလုပ်သား ၃၀ ကိုဖမ်းဆီးခဲ့သည်။ ထိုရွှေ့ပြောင်းအလုပ်သမားများကို ဘန်ကောက်နှင့် ထိုင်းနိုင်ငံအလယ်ပိုင်းသို့ လူမှောင်ခိုတင်ပို့ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။
- **ဇွန် ၂၆။** ထိုင်းအစိုးရက ကိုယ်ဂန်ရှိလာသည့် အလုပ်သမအားလုံးကို ဗမာပြည်သို့ပြန်ပို့ရန် အဆိုပြုသည့် ဥပဒေ ကြမ်းတရပ်ရေးဆွဲနေသည်ဟု သတင်းတခုကဆိုပါသည်။ လူကုန်ကူးမှုလျော့ကျစေရန် ရည်ရွယ်သည်ဟုဆို သော ထိုဥပဒေသည် ရွှေ့ပြောင်းအလုပ်သမအခွင့်အရေးများကို ချိုးဖောက်သည်ဟု လူ့အခွင့်အရေးအုပ်စုများ က ပြောကြသည်။

အမေရိကန်နိုင်ငံ -- မြန်မာပြည်က လူကုန်ကူးမှုပြဿနာ "သိသာထင်ရှားနေ"

ဇွန် ၁၉ ရက်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမေရိကန်နိုင်ငံ လူကုန်ကူးခံရသူများကာကွယ်ပေးရေး အက်ဥပဒေပါ အနိမ့်ဆုံးစံနှုန်းများနှင့်အညီ တိုင်းပြည်များကို အလွှာလေးမျိုးခွဲခြားသတ်မှတ်ထားသည့် နှစ်ပတ်လည် ''၂၀၁၂ ခု လူပုဂ္ဂိုလ်များအားကုန်ကူးခြင်း အစီရင်ခံစာ'' ကိုထုတ်ပြန်ခဲ့သည်။ ဗမာပြည်၏အဆင့်အတန်းသည် အနိမ့်ကျဆုံး တိုင်းပြည်အဆင့်ဖြစ်သော "အလွှာ ၃" မှ "စောင့်ကြည့်ရမည့်အလွှာ ၂" သို့ တိုးတက်လာသော်လည်း ဗမာပြည်၏ လူကုန်ကူးမှုပြဿနာသည် "သိသာထင်ရှားသော" အနေအထားမှာပင် မပြောင်းမလဲရှိနေသေးသည်ဟု အစီရင်ခံစာက ဆိုပါသည်။ အစိုးရ၏ လုပ်ဆောင်ပုံအမျိုးမျိုးသည် လူကုန်ကူးမှုကို အားပေးအားမြှောက်ပြုရာရောက်နေသည်ဟု ထိုအစီရင်ခံစာက တွေ့ရှိထားသည်။

- အစိုးရက လူကုန်ကူးသူများကို စုံစမ်းစစ်ဆေး တရားစွဲဆိုရန်၊ အထူးသဖြင့် တပ်မတော်က ကျူးလွန်သည့်အခါ ပျက်ကွက်ခဲ့သည်။
- အစိုးရက ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များကို အဓမ္မလုပ်အားပေးစေခိုင်းလေ့ရှိပြီး အရွယ်ရောက်ပြီး ယောကျ်ားကြီးများနှင့် အသက် ၁၁ နှစ်ထိငယ်ရွယ်သည့် ယောကျ်ားကလေးများကို စစ်မှုထမ်းခိုင်းရန် စုဆောင်းလေ့ရှိသည်။
- အစိုးရက ရိုဟင်ဂျာကဲ့သို့ အချို့လူနည်းစုများကို နိုင်ငံသားအဖြစ်အသိအမှတ်ပြုရန် ငြင်းပယ်ခဲ့ပြီး၊ အစိုးရ၏ ထိုသူများအပေါ် မှတ်ပုံတင်အထောက်အထားများ ထုတ်ပေးရန်ပျက်ကွက်ခြင်းက လူမှောင်ခိုကူးမှုအတွက် သားကောင်များအဖြစ် ကျရောက်စေခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆဋ္ဌမမြောက်အကြီးဆုံးဒုက္ခသည်ရင်းမြစ်

ဇွန် ၁၈ ရက်တွင် ကုလသမဂ္ဂဒုက္ခသည်များရုံး UNHCR က သူ၏နှစ်ပတ်လည်အစီရင်ခံစာ''၂၀၁၁ ခု ကမ္ဘာလုံးဆိုင်ရာ အလားအလာများ''ကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာက ဗမာပြည်ကို ကမ္ဘာ့ဆဋ္ဌမမြောက်အကြီးဆုံး ဒုက္ခသည်ရင်းမြစ်အဖြစ် ဖေါ်ထုတ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိဆိုလျှင် ဗမာပြည်မှ ပေါ်ထွန်းလာသော ဒုက္ခသည်ပေါင်း ၄၁၄၆၂၆ ဦးရှိခဲ့ပြီဖြစ်သည်။ ဗမာပြည်သည် ၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံမှု ၂၉၈၀၀ ဖြင့် ကမ္ဘာ့ ၆ ခုမြောက်အကြီးဆုံး နိုင်ငံရေးခိုလှုံခွင့်ရှာသော တိုင်းပြည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး

ရခိုင်ပြည်နယ်က မငြိမ်မသက်မှုအပေါ် နိုင်ငံတကာ၏တုန့်ပြန်ချက်များ

ရခိုင်ပြည်နယ်၌ ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများက နိုင်ငံတကာလူ့အဖွဲ့အစည်းများမှ တုန့်ပြန်ချက်များကို ပေါ်လာစေခဲ့သည်။

- **ဇွန် ၁၀။** နိုင်ငံခြားရေးဝန်ကြီး ဂျယ်ရီဘရောင်းက ရခိုင်ပြည်နယ်အတွင်း ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအတွက် ဗြိတိန်အနေဖြင့် "နက်ရှိုင်းစွာစိုးရိမ်ပူပန်" မိပြီး အာဏာပိုင်များနှင့် ရပ်ရွာခေါင်းဆောင်များကို "အကြမ်းဖက်မှုများ ရပ်တန့်စေရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်ကြရန်" တိုက်တွန်းလိုက်သည်။
- **ဇွန် ၁၁။** အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အမေရိကန်ပြည်ထောင်စုအနေနှင့် ရခိုင်ပြည်နယ်တွင်း ဆက်တိုက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအပေါ် "နက်နက်ရှိုင်းရှိုင်းစိုးရိမ်ပူပန်" ပြီး၊ သက်ဆိုင်သူအားလုံးကို တိုက်ခိုက်နေမှုအားလုံး ချက်ခြင်းရပ်တန့်ရန် ပြောဆိုခဲ့သည်။
- **ဇွန် ၁၁။** ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာ အကြီးတန်းကိုယ်စားလှယ်၊ လုံခြုံရေးမူဝါဒပြောခွင့်ရ မာဂျာ ကိုစီဂျန်းစစ် က မိမိတို့အနေဖြင့် မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်မှအကြမ်းဖက်မှုကို "ထိန်းထိန်းသိမ်းသိမ်းကိုင်တွယ်ဖြေရှင်းမှု" အား ကြိုဆိုကြောင်း ပြောခဲ့သည်။
- **ဇွန် ၁၁။** ကမ္ဘာ့အစ္စလမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC က ရိုဟင်ဂျာလူထုအပေါ် "စနစ်တကျ အကြမ်းဖက်ခြိမ်းခြောက်နေမှုများ"ကို ကန့်ကွက်ရှုံ့ချပြီး၊ မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်မှုနှင့် အသက်သေဆုံးရမှုများ ကို ကာကွယ်ပေးရန်မေတ္တာရပ်ခံပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းလိုက်သည်။
- **ဇွန် ၁၂။** မြန်မာနိုင်ငံ၏ မငြိမ်သက်မှုများအပေါ် ကိုင်တွယ်ပုံအဆင့်ဆင့်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံက လေးစားတန်ဖိုးထားပြီး၊ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကြိုးပမ်းနေသည့် မြန်မာပြည်သူများနှင့် အတူရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

- **ဖွန် ၁၂။** နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ လျူဂေမင်းက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ "ပြည်တွင်းတည်ငြိမ်ရေးနှင့် တိုင်းရင်းသားသဟဇာတဖြစ်ရေး ကာကွယ်ထိန်းသိမ်း"ရန် ကြိုးပမ်းနေမှုများကို ထောက်ခံ ကြောင်းပြောခဲ့သည်။
- **ဖွန် ၁၃။** မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးစုံစမ်းရေးသမား သောမတ်အိုဟေးယားကင်တားနားက "တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုကတဆင့် ပေါက်ဖွားလာသည့် တင်းမာမှုအကြောင်းခံများ"က ဗမာပြည်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် တိုင်းပြည်တည်ငြိမ်ရေးကို ခြိမ်းခြောက်ခဲ့သည်ဟု ပြောကြားကာ၊ ပြဿနာဖြစ်ပွားနေသည့် ဘက်အသီးသီးကိုလည်း "ထိမ်းထိမ်းသိမ်းသိမ်းလုပ် ကြရန်၊ ဥပဒေကိုလေးစားလိုက်နာကြရန်နှင့် အကြမ်းဖက်မှုများရှောင်ကျဉ်ကြရန်" တိုက်တွန်းပြောကြားခဲ့သည်။
- **ဖွန် ၁၄။** ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အထူးအကြံပေး ဗီဂျေးနမ်ဗီးယားက ရခိုင်ပြည်နယ် အကြမ်းဖက်မှု များသည် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကြီးတရပ်လုံးအပေါ် သက်ရောက်မှုရှိလာနိုင်သည်ဟု ပြောကြားကာ "နိုင်ငံတကာဆောင်ရွက်မှုစံနှုန်းများနှင့်အညီ လေးနက်သတိရှိစွာ" ကိုင်တွယ်ရမည်ဟု ဆိုခဲ့သည်။
- **ဖွန် ၁၅။** ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အထူးအကြံပေး ဗီဂျေး နမ်ဗီးယားက ရခိုင်ပြည်နယ် အကြမ်းဖက်မှုကို "ဘက်မလိုက်ဘဲ ပြည့်စုံ၍မှန်ကန်တိကျသော" စုံစမ်းစစ်ဆေးမှုတခုပြုရန် တောင်းဆိုခဲ့သည်။
- **ဖွန် ၁၇။** မလေးရှားက ရခိုင်ပြည်နယ် အကြမ်းဖက်မှုကို စိုးရိမ်ပူပန်မိသော်လည်း အစိုးရအနေဖြင့် "ဤတင်းမာမှု ကိုဖြေရှင်းကာ တာဝန်ရှိသူများကို တရားစီရင်နိုင်လိမ့်မည်"ဟု ယုံကြည်စိတ်ချကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဘော့ကား မြန်မာပြည်သို့လာရောက်လည်ပတ်

ဖွန် ၅ ရက်နေ့က ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဘော့ကားသည် ၃ ရက်တာအလည်အပတ်ခရီးအတွက် ဗမာပြည်သို့ ရောက်ရှိခဲ့သည်။ ကားက နေပြည်တော်တွင် သမတသိန်းစိန်နှင့် အခြားအစိုးရအရာရှိများနှင့်တွေ့ဆုံကာ ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်တွင်တွေ့ဆုံခဲ့သည်။ သူ၏ခရီးစဉ်အတွင်း ကားက ဩစတြေးလျအနေဖြင့် ရှေးဟောင်းအမွေအနှစ်များထိန်းသိမ်းရန်အတွက် ရန်ကုန် ရှေးဟောင်းအမွေအနှစ်ရန်ပုံငွေအဖွဲ့သို့ ရံပုံငွေထောက်ပံ့မည်ဟု ကြေညာခဲ့သည်။ သူက တပါတည်း ဩစတြေးလျအနေဖြင့် ဗမာပြည်အပေါ်ပိတ်ဆို့ထားသည့် ခရီးသွားလာရေးနှင့် ဘဏ္ဍာရေးပိတ်ဆို့မှုများကို ဖယ်ရှားကာ ၂၀၁၅ မတိုင်မီ လက်ရှိကူညီနေသော ဩစီ ဒေါ်လာ ၄၈.၈ သန်း (အမေရိကန်ဒေါ်လာ ၄၉.၉ သန်း) ကို ဩစီဒေါ်လာ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၀၂.၃ သန်း) အထိ နှစ်ဆတိုးကူညီသွားမည်ဟုလည်း ကြေညာခဲ့သည်။

နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်က မြန်မာပြည်အပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများ ဖယ်ရှား

ဖွန် ၁၃ ရက်တွင် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်က ဗမာပြည်အပေါ်ကန့်သတ်ထားသည့် နည်းပညာအကူအညီနှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်၏အစည်းအဝေးများ တက်ရောက်ခွင့်အပါအဝင် ဗမာပြည်၏ ပါဝင်ပတ်သက်ခွင့်များအပေါ် ကန့်သတ်ထားချက်များကို ဖယ်ရှားလိုက်ပြီဟု ကြေညာခဲ့သည်။

အမေရိကန် ဥပဒေပြုအရာရှိများက ဗမာပြည်ဆိုင်ရာ စီးပွားရေးပိတ်ဆို့မှုများ သက်တမ်းတိုးရန် တွန်းအားပေး

ဗမာအစိုးရအနေဖြင့် လက်ရှိစီးပွားရေးပိတ်ဆို့မှုအားလုံး ဖျက်သိမ်းနိုင်လောက်အောင် လိုအပ်သည့်အကြောင်းအချက်များ ပြည့်စုံအောင်မဆောင်ရွက်သေးသဖြင့် ဗမာပြည်မှသွင်းကုန်အားလုံးကိုတားမြစ်သည့် ဗမာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီဥပဒေကို သက်တမ်းတိုးရန် အဆိုပြုလွှာတခုကို အမေရိကန် လွှတ်တော်အမတ် မစ်မက်ကော်နယ်လ်က ဖွန် ၁၂ ရက်နေ့တွင် အဆိုပြုခဲ့သည်။ ထိုဥပဒေကြမ်းသည် ၃ နှစ်ထိစီးပွားရေးပိတ်ဆို့ခွင့် ပြန်လည်ချမှတ်နိုင်မည်ဖြစ်သော်လည်း အိမ်ဖြူတော်အနေဖြင့် အဆိုပါပိတ်ဆို့မှုများကို ဆိုင်းငံ့ခွင့် သို့မဟုတ် ဖျက်သိမ်းခွင့် အချိန်မရွေးရှိနေမည် ဖြစ်သည်။ အလားတူဥပဒေတရပ်ကိုလည်း မေလတွင်းက အောက်လွှတ်တော်တွင် အဆိုပြုခဲ့ဖူးသည်။

စီးပွားရေး

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များက အစိုးရလက်ဝေခံသူဌေးများနှင့် ဆက်စပ်မှုရှိ

နေပြည်တော်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားဆွဲဆောင်ရန် အားထုတ်မှုများသည် အစိုးရလက်ဝေခံသူဌေးများအတွက် အကျိုးအမြတ်အများဆုံးရမည့်ပုံပေါ်နေပါသည်။

- **ဇွန် ၁၂။** ဤနှစ်အတွင်း ၂၄ နာရီဖွင့်လှစ်ရောင်းချသော 7-Eleven ကုန်စုံဆိုင်များ ဗမာပြည်တွင်ဖွင့်ရန် အစိုးရလက်ဝေခံသူဌေးလည်းဖြစ်၊ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီလွှတ်တော်အမတ်တဦးလည်းဖြစ်သူ ဦးခင်ရွှေပိုင် ဇေကမ္ဘာကုမ္ပဏီနှင့် နှစ်ဘက်အကျိုးတူဖွင့်လှစ်မည်ဟု ဂျပန်နိုင်ငံမှ 7-Eleven ကုမ္ပဏီက ကြေညာခဲ့သည်။
- **ဇွန် ၁၈။** စင်္ကာပူနိုင်ငံမှ အော်စီနိုလုပ်ငန်းစု Aussino Group ကလည်း ဗမာပြည်တွင် ဓါတ်ဆီဆိုင်များဖွင့်လှစ်ရန် မက်စ်မြန်မာနှင့် နားလည်မှုစာချွန်လွှာတရပ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ဖေါ်ထုတ်ခဲ့သည်။ Max Myanmar ကို အမေရိကန်နိုင်ငံ၏ "အထူးနာမည်ပျက်စာရင်းသွင်းခံရသူ" အစိုးရလက်ဝေခံသူဌေး ဇော်ဇော်မှ ဦးစီးလုပ်ကိုင်နေခြင်းဖြစ်သည်။

ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြင့်မားလျှက်ရှိ

ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံပိုင် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) နှင့် စီးပွားရေးလက်တွဲ လုပ်ဆောင်မှုအပေါ် သတိပေးခဲ့သော်လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နေဆဲ ဖြစ်သည်။ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) အနေနှင့် မတ်လဆန်းကတည်းက နိုင်ငံခြားကုမ္ပဏီများနှင့် ရေနံတူးဖေါ်ရေးသဘောတူညီမှု ၉ ခုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်ဟု နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာက ဇွန် ၂၀ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါကုမ္ပဏီများတွင် ဟောင်ကောင်မှ EPI Holdings, ဆွစ်ဇာလန်မှ Geopetro International, မလေးရှားမှ Petronas, အိန္ဒိယမှ Jubilant Energy, ထိုင်းနိုင်ငံမှ PTTEP, အင်ဒိုနီးရှားမှ Istech Energy နှင့် ရုရှားမှ CIS Nobel Oil တို့ပါဝင်ပါသည်။ ထို့အပြင် အစိုးရက ဤနှစ်နှောင်းပိုင်းတွင် တကမ္ဘာလုံးသို့ ရေနံနှင့်သဘာဝဓါတ်ငွေ့တူးဖေါ်ကွက် ၄၃ ကွက်ကို တင်ဒါခေါ် ရောင်းချသွားမည်ဟု ဇွန် ၂၀ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့သည်။

ဇွန်လအတွင်း အခြားမြန်မာပြည်သတင်းများ

၁	အစိုးရအာဏာပိုင်များမှ ရန်ကုန်နိုင်ငံတကာလေဆိပ်တွင် ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကိုစတင်ခဲ့
၁	သတ္တုတွင်းဝန်ကြီးဌာနမှ အမျိုးသားကြီးပွားရေးကုမ္ပဏီကို လုပ်ငန်းများရပ်ဆိုင်းရန် ပြောကြားခဲ့ပြီးနောက် မန္တလေးတိုင်း ရမည်းသင်းမြို့နယ်မှ ရွှေကျင်လုပ်သားထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြမှုစတင်ခဲ့
၁	ဘန်ကောက်မြို့မှ အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်တွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး သန်းဌေးက မိန့်ခွန်းပြောကြားရာတွင် ဗမာပြည်၏ အထူးစီးပွားရေးဇုံများအကြောင်းကြော်ငြာခဲ့သည်။
၁	အစိုးရအရာရှိများက သမတသိန်းစိန်၏ထိုင်းနိုင်ငံ အလည်အပတ်ခရီးစဉ်ကို "ပိုမိုသင့်တော်သည့်တချိန်ချိန်"သို့ ရွှေ့ဆိုင်းလိုက်ကြောင်းပြောသည်။
၂	အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပန်နက်တာက ဗမာအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို အားထုတ်လုပ်ဆောင်ပါက အမေရိကန်က စစ်ရေးဆက်စပ်မှုများ ပိုမိုလုပ်ဆောင်သွားရန် လမ်းဖွင့်ထားသည်ဟု ပြောသည်။
၂	အစိုးရကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်လှမင်းက လွှတ်တော်အတွင်းရှိ စစ်တပ်မှ တိုက်ရိုက်ခန့်အပ်သည့် ၂၅ ရာခိုင်နှုန်းထားကိစ္စကို "သင့်တော်သောအချိန်တွင်" လျှော့ချသွားမည်ဟု ပြောသည်။
၂	အစိုးရကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်လှမင်းက ဗမာပြည်အနေဖြင့် မြောက်ကိုးရီးယားနှင့် နိုင်ငံရေး စစ်ရေး ဆက်စပ်မှုဖြတ်တောက်ခဲ့ပြီဟု ပြောသည်။
၃	ရန်ကုန်မြို့သူမြို့သားများက သူတို့၏ လျှပ်စစ်မီးပိုမိုရရှိရေးတောင်းဆိုသည့် ဖယောင်းတိုင်ထွန်းဆန္ဒပြမှုကို အဆုံးသတ်လိုက်သည်။
၄	ထိုင်းနိုင်ငံက ရွှေ့ပြောင်းလုပ်သားများနိုင်ငံသားစီစစ်ခြင်းလုပ်ငန်းစဉ်ကို ဇွန် ၁၄ မှ ဒီဇဘ်ာ ၁၄ ထိ နောက်ထပ် ၆ လ သက်တန်းတိုးလိုက်သည်။
၅	ကုလသမဂ္ဂကားတန်းက ကချင်ပြည်နယ် မိုင်ဂျာယန်ရှိ အိုးအိမ်စွန့်ခွာထွက်ပြေးရသူ ၃၀၀၀ ခန့်ကို အစားအစာနှင့် အရေးပေါ်အထောက်အပံ့များ ဖြန့်ဝေခဲ့သည်။
၅	ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်ရှိ အိုးအိမ်စွန့်ခွာထွက်ပြေးလာသူ ၂၀၀ ကို တလစာ စာနပ်ရိက္ခာများ ဖြန့်ဝေပေးခဲ့သည်။
၅	သမတသိန်းစိန်က အစိုးရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် သာဦး၏ နုတ်ထွက်မှုကို လက်ခံခဲ့သည်။
၅	အစိုးရ ရွေးကောက်ပွဲကော်မရှင်က အရှိုချင်း အမျိုးသားပါတီ Asho Chin National Party မှတ်ပုံတင်ခြင်းကို ခွင့်ပြုခဲ့သည်။
၅	သမတသိန်းစိန်က အစိုးရဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်း ဒုဝန်ကြီးတင့်လွင်နှင့် စွမ်းအင်ဒုဝန်ကြီးစိုးအောင်တို့ နုတ်ထွက်ခြင်းကို လက်ခံခဲ့သည်။
၆	ရန်ကုန်တိုင်းအတွင်းမှ အစိုးရအာဏာပိုင်များက ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ကျောင်းသားခေါင်း

	ဆောင်များကို အကယ်၍ တရားဝင်အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ရန်ပျက်ကွက်ပါက ထောင်ဒဏ်ချမှတ်ခံရနိုင်ကြောင်း သတိပေးခဲ့သည်။
၆	ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာပွန် တိုပီချာ့က်ချိုင်ကွန်က မေလအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ အလည်အပတ်ခရီးကြောင့် ဗမာအစိုးရနှင့် ထိုင်းဆက်ဆံရေး မည်သို့မျှမထိခိုက်ကြောင်းပြောသည်။
၇	ထိုင်းအရာရှိများနှင့် မြန်မာရွှေ့ပြောင်းလုပ်သားကိုယ်စားလှယ်များ မဲဆောက်တခွင် အလုပ်လုပ်နေကြသော မြန်မာ ၈၀၀၀၀ ခန့်၏ လူနေမှုဘဝများ မြှင့်တင်နိုင်မည့်ခြေလှမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးရန် မဲဆောက်တွင် တွေ့ဆုံခဲ့ကြသည်။
၇	အစိုးရအာဏာပိုင်များက ရန်ကုန်နှင့် မန္တလေးတိုင်းတို့ရှိ အချို့နေရာများမှအပ နိုင်ငံတဝှမ်း လျှပ်စစ်မီးဖြန့်ဖြူးမှုအခြေအနေ "ပုံမှန်သို့ ပြန်ရောက်ပြီ"ဟု ပြောပါသည်။
၇	၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင် ကိုကိုကြီးက တနင်္သာရီတိုင်း ထားဝယ်မြို့နယ်တွင် နေထိုင်သူများ၏ မြေယာကို ဒေသခံအာဏာပိုင်များက သိမ်းဆည်းပြီး နစ်နာကြေးကို လုံလောက်မျှတအောင် မပေးဟု စွပ်စွဲပြောကြားသည်။
၇	အစိုးရအလုပ်သမားဝန်ကြီးအောင်ကြည်က ဗမာပြည်သည် နောက်ဆုံးသတ်မှတ်ချိန် ၂၀၁၅ မတိုင်မီ အဓမ္မလုပ်အားစေခိုင်းမှု ပပျောက်စေရန်အတွက် အစီအစဉ်တရပ်ကို အရှိန်မြှင့်ဆောင်ရွက်နေသည်ဟု ပြောပါသည်။
၇	အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက သမတသိန်းစိန် ထိုင်းနိုင်ငံအလည်အပတ်ခရီး ရွှေ့ဆိုင်းရခြင်းမှာ ပြည်တွင်း၌ပေါ်ပေါက်နေသော အခြေအနေများကြောင့်သာဖြစ်ကြောင်း ဖော်ပြသည့်ထုတ်ပြန်ချက်တစောင် ထုတ်ပြန်သည်။
၈	မန္တလေးတိုင်းအတွင်းရှိ အောင်စိန် အထည်နှင့်သိုးမွေးစက်ရုံမှအလုပ်သမား ၃၀၀ ခန့်သည် ပိုမိုကောင်းမွန်သော လစာနှင့် အကျိုးခံစားခွင့်များရရှိရေးအတွက် ဆန္ဒပြကြသည်။
၈	ရန်ကုန်တိုင်း မင်္ဂလာဒုံစက်မှုဇုံရှိ ဂျပန်ပိုင် ဖါမိုဆိုစက်ရုံက အလုပ်သမားများက လုပ်ခတိုးရရှိစေရန် ဆန္ဒပြကြသည်။
၉	ပြင်သစ် တိုတယ်လ်ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အရာရှိဖြစ်သူ ခရစ္စတိုဖီ ဒီ မာဂရီ နှင့် ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်တွင် တွေ့ဆုံပါသည်။
၁၂	အစိုးရရွေးကောက်ပွဲကော်မရှင်က ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ် Shan Nationalities League for Democracy မှတ်ပုံတင်ခြင်းကို ခွင့်ပြုခဲ့သည်။
၁၂	သမတသိန်းစိန်က စင်္ကာပူနိုင်ငံ ဂုဏ်ထူးဆောင်အထက်တန်းဝန်ကြီး ဂိုချုပ်တောင်နှင့် နေပြည်တော်တွင် တွေ့ဆုံပါသည်။
၁၃	တရုတ် နိုင်ငံခြားရေးဝန်ကြီး ယန်ဂျေးချီက နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နေသည့် အဓိကစီမံကိန်းအချို့ကို ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဗမာပြည်အား တိုက်တွန်းလိုက်သည်။
၁၄	ရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းအား ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲမဲကိစ္စတွင် မဟုတ်မမှန်ပြောဆိုသည် စွပ်စွဲကာ မြန်မာနိုင်ငံရာဇဝတ်မှုဥပဒေ ပုဒ်မ ၁၈၂ ချိုးဖေါက်မှုဖြင့် တရားစွဲဆိုသည်။
၁၄	အမေရိကန်အစိုးရက ကုမ္ပဏီများကို ဗမာပြည်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ခွင့်ပြုလိုက်သည်နှင့်တပြိုင်နက် ဗမာပြည်တွင် စီးပွားရေးသွားရောက်လုပ်ကိုင်ရန် အစီအစဉ်ရှိကြောင်း ကိုကာကိုလာက ထုတ်ပြန်ကြေညာခဲ့သည်။
၁၄	ဖိလိပိုင်သမတ ဘင်နစ်နို အကွီနိုနှင့် အစိုးရနိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်တို့ မနီလာတွင်တွေ့ဆုံကာ ဗမာပြည်တွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံကြောင်း ထုတ်ဖေါ်ပြောကြားခဲ့သည်။
၁၄	ဝါရှင်တန်တွင်ပြုလုပ်သည့် လေးကြိမ်မြောက်မဟာဗျူဟာဆွေးနွေးပွဲတွင် အမေရိကန်နှင့် ထိုင်းနိုင်ငံတို့က ဗမာပြည်တွင် ပြုလုပ်နေသည့် ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအပေါ်ထောက်ခံနေမှုအား ဆက်လက်ထောက်ခံသွားပါရန် နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုလိုက်ပါသည်။
၁၆	ဗပြည်သွေးစည်းရေးတပ်မတော်က ရှမ်းပြည်နယ် မိုင်းဆတ်ဒေသသို့ စစ်သည် ၄၀၀ ခန့် စေလွှတ်တပ်ချထားသည်။
၁၆	ဥရောပသမဂ္ဂ ဥက္ကဋ္ဌ ဟိုဆေး မန်နျူယယ် ဘာရိုဆိုက ဒေါ်အောင်ဆန်းစုကြည်သည် သန်းပေါင်းများစွာသောပြည်သူတို့၏ မျှော်လင့်ချက်အသံ ဖြစ်မြဲဖြစ်နေသေးကြောင်းနှင့် ဥရောပသမဂ္ဂအနေဖြင့် သူမကို ဗမာပြည်တွင် ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးကာလတလျှောက်လုံး ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောသည်။
၁၇	ဂါရင့် ဗမာစာနယ်ဇင်းသမားနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း လူထုဦးစိန်ဝင်းသည် ရန်ကုန်မြို့တွင် အသက် ၇၁ နှစ်၌ ကွယ်လွန်သွားသည်။
၁၈	အစိုးရ စက်မှုဝန်ကြီး စိုးသိန်းက အစိုးရအနေဖြင့် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ရန် စီစဉ်နေကြောင်းပြောပါသည်။
၁၉	အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဗမာပြည်ကို လက်နက်ကိုင်တပ်ဖွဲ့များမှ ကလေးစစ်သား ဆက်လက်စုဆောင်းအသုံးပြုနေသေးသော နိုင်ငံ ၇ နိုင်ငံထဲမှ တနိုင်ငံအဖြစ်စာရင်းသွင်းထားပါသည်။
၁၉	မလေးရှားသို့ လှေစီးဝင်ရောက်ရန် ကြိုးစားသော ရိုဟင်ဂျာ ၈၂ ဦးအား တနင်္သာရီတိုင်း ထားဝယ်တွင် ဖမ်းဆီးရမိပြီးနောက် မွန်ပြည်နယ် ရေးမြို့နယ်တရားရုံးတရုံးမှ ယင်းတို့ကို လူဝင်မှုကြီးကြပ်ရေးဥပဒေဖေါက်ဖျက်မှုဖြင့် ထောင်ဒါဏ်တနှစ်စီ ချမှတ်လိုက်သည်။

၁၉	ဂပြည်သွေးစည်းရေးတပ်မတော်နှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (တောင်ပိုင်း) တို့ နယ်မြေမကျူးကျော်ရေး ပါသည့် သဘောတူညီချက်တရပ်ကိုချုပ်ဆိုခဲ့သည်။
၁၉	မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်မှ ယင်းတို့၏ ငြိမ်းချမ်းရေးလက်မှတ်ထိုးကမ်ပိန်းကို အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများ၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းလုပ်သားများအဓိကပါဝင်သည့် ပြည်သူလူထု ၁၇၀၆၃ က ပါဝင်လက်မှတ်ရေးထိုးခဲ့သည်ဟု ပြောသည်။
၁၉	နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် သမတသိန်းစိန်က "ဒုတိယလှိုင်း ပြုပြင်ပြောင်းလဲမှု" စတင်ကြောင်း ကြေညာပြီး၊ ဗမာပြည်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် တဦးချင်းပြည်တွင်းထုတ်လုပ်မှု ခေါ် ဂျီဒီပီကို ၃ ဆ မြှင့်တင်သွားမည်ဟု ပြောပါသည်။
၂၀	အစိုးရ၏ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုဝန်ကြီးကံဇော်က ဇူလိုင် ၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြန်လည်တင်သွင်းမည်ဟု ပြောသည်။
၂၁	ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဗမာပြည်၏ အနာဂတ်ပြုပြင်ပြောင်းလဲရေးများနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ ဆွေးနွေးရန် သမတသိန်းစိန်အားဖိတ်ကြားထားချက်ကို ထပ်မံကမ်းလှမ်းလိုက်သည်။
၂၂	ရန်ကုန်တိုင်း အနောက်ပိုင်းတရားရုံးက ဒေါ်အောင်ဆန်းစုကြည်နေထိုင်လျှက်ရှိသော ရန်ကုန်မြို့နေအိမ်ကို သူမ၏အကိုဖြစ်သူ အောင်ဆန်းဦးအား တဝက်ပိုင်ဆိုင်ခွင့်စီရင်ချက် ထုတ်ပြန်သည်။
၂၂	ရန်ကုန်မြို့တော် လျှပ်စစ်ဖြန့်ဖြူးရေးအဖွဲ့ တွဲဘက်အတွင်းရေးမှူး ထွန်းထွန်းဆွေက ရန်ကုန်တိုင်း အလုံမြို့နယ် သို့ရောက်ရှိလာသော ကက်တာပစ်လာအမျိုးအစား လျှပ်စစ်မီးစက် ၆ လုံးကို သွားရောက်စစ်ဆေးသည်။
၂၅	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရသူ ဦးဉာဏ်ဝင်းက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဇွန် ၂၂ ရက်နေ့ အနောက်ပိုင်းတရားရုံးမှချမှတ်သည့် ရန်ကုန်မြို့ရှိ သူမနေအိမ်အား အစ်ကိုဖြစ်သူ အောင်ဆန်းဦးသို့ ပိုင်ဆိုင်ခွင့်တဝက်ပေးသည့်စီရင်ချက်အား ပြန်လည်အယူခံဝင်မည်ဟု ပြောသည်။
၂၆	နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တရားရုံးတခုက ဖေပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲမဲကိစ္စတွင် မဟုတ်မမှန် ပြောဆိုသည်ဟုစွပ်စွဲခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းအား အမှုစတင်စစ်ဆေးသည်။
၂၆	ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အဖွဲ့ဝင် ၆ ဦးပါ ကရင့်အမျိုးသားအစည်းအရုံး KNU ကိုယ်စားလှယ်အဖွဲ့နှင့် အစိုးရ တွေ့ဆုံဆွေးနွေးခဲ့သည်။
၂၉	ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားတွင်ပြောကြားသောမိန့်ခွန်းများတွင် တိုင်းပြည်ကို "ဗမာပြည်" ဟုခေါ်ဆိုမှုအပေါ် သူမအား ရွေးကောက်ပွဲကော်မရှင်က သတိပေးသည်ဟု အစိုးရသတင်းစာ မြန်မာ့အလင်းက ဖေါ်ပြသည်။
၂၉	အမေရိကန်လွှတ်တော်က ဒဲရစ်မစ်ချဲအား ၂၂ နှစ်အတွင်း ပထမဆုံး မြန်မာပြည်ဆိုင်ရာအမေရိကန်သံအမတ် အဖြစ်ခန့်အပ်ကြောင်း အတည်ပြုသည်။

ဇွန်လအတွင်းထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံအကြောင်း အစီရင်ခံစာများ

"ကချင်ပြည်နယ်က စစ်ပွဲ -- အိုးအိမ်စွန့်ခွာမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ပိုမိုလာသည့် နှစ်တနှစ်" စင်ပြိုင်အာစီယံ

"ဆက်လက်ကျူးလွန်ခွင့် -- ကချင်လူထုအပေါ် ဗမာ့တပ်မတော်၏ သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပေါ်" ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)

"ရခိုင်ပြည်နယ်က မငြိမ်သက်မှု -- နေ့စွဲအလိုက်ဖြစ်ရပ်များ" စင်ပြိုင်အာစီယံ

"ရခိုင်ပြည်နယ်က မငြိမ်သက်မှု -- နေ့စွဲအလိုက်ဖြစ်ရပ်များ (အသစ်ဖြည့်စွက်)" စင်ပြိုင်အာစီယံ

"မြန်မာနိုင်ငံ -- ရခိုင်ပြည်နယ်က အကြပ်အတည်းနှင့် သတင်းလွတ်လပ်ခွင့်အတွက် ခြိမ်းခြောက်မှုအသစ်များ" နယ်စည်းမခြားသတင်းသမားများ RSF

"မြန်မာပြည် -- ရခိုင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာရမှု အခြေပြအစီရင်ခံစာ ၁" ကုလသမဂ္ဂ လူသားချင်းစာနာရေး ညှိနှိုင်းဆက်စပ်ရေးရုံး UNOCHA

"မြန်မာနိုင်ငံ -- ရခိုင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာရမှု အခြေပြအစီရင်ခံစာ ၂" ကုလသမဂ္ဂ လူသားချင်းစာနာရေး ညှိနှိုင်းဆက်စပ်ရေးရုံး UNOCHA

"မြန်မာနိုင်ငံ -- ရခိုင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာရမှု အခြေပြအစီရင်ခံစာ ၃" ကုလသမဂ္ဂ လူသားချင်းစာနာရေး ညှိနှိုင်းဆက်စပ်ရေးရုံး UNOCHA

”အဓမ္မလုပ်အားဆက်လက်ရှိနေဆဲ -- ဗမာပြည် ရခိုင်မြောက်ပိုင်းက အဓမ္မလုပ်အားပေးစေမှုများအပေါ် ခြုံငုံသုံးသပ်ချက်တရပ်” ရခိုင်ပရောဂျက်

”၂၀၁၂ ခုနှစ် လူကုန်ကူးခြင်းအစီရင်ခံစာ -- ဗမာပြည်” အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန

”ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခအပေါ် ထုတ်ပြန်သည့် အတွင်းရေးမှူးချုပ်၏ နှစ်ပတ်လည် အစီရင်ခံစာ” ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း

”ရှမ်းမူးယစ်ဆေးဝါးစောင့်ကြည့်ရေးသတင်းလွှာ -- စာစောင်အမှတ် ၅” ရှမ်းသံတော်ဆင့်သတင်းဌာန

”၂၀၁၂ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာ” ကုလသမဂ္ဂ မူယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး UNODC

”၂၀၁၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာအလားအလာများ” ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR

”ယူနန်ပြည်နယ်မှာ အထီးကျန်နေခြင်း -- တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရောက် မြန်မာပြည်မှကချင်ဒုက္ခသည်များ” လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW

”၂၀၁၂ ခုနှစ် ကျရှုံးနေသောတိုင်းပြည်များ အညွှန်းကိန်း” ငြိမ်းချမ်းရေးရံပုံငွေအဖွဲ့ / နိုင်ငံခြားရေးမူဂါဒ မဂ္ဂဇင်း

”လမ်းဆုံကဗမာပြည် -- ပြုပြင်ပြောင်းလဲရေးအရှိန်ကို ဆက်လက်ထိန်းသိမ်းခြင်း” နိုင်ငံဖြတ်ကျော်ဌာန TNI / နယ်သာလန်နိုင်ငံ မြန်မာဌာန BCN